# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၆)ရက် ၊ အင်္ဂါနေ့ ၊ (7-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၄၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ

## မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက လာရောက်ဂါရဝပြုတွေ့ဆုံ



**နေပြည်တော် ဧပြီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်း ခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က

**စာမျက်နှာ ၁၆ ကော်လံ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်း ခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။




ရတနာပုံ

၂၀၂၆ ခုနှစ် ဧပြီ ၇ ရက်

**အယ်ဒီတာ့အာဘော်**

# ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာ

ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီ ၅ ရက် နံနက်ပိုင်းက အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး၊ သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု၏အကျိုးစီးပွားကို ရည်မှန်းကာ တာဝန်ထမ်းဆောင်ခဲ့သူများကို လေးစားဂုဏ်ပြုအသိအမှတ်ပြုခြင်း အခမ်းအနားပင်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ထိုအချိန်က အစိုးရဖြစ်နေသည့် အနိုင်ရပါတီသည် မဲလိမ်မဲခိုးမှု၊ မသမာမှုများနှင့် နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ကြိုးစားခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကိုယူခဲ့ရသည်။ ထိုသို့ နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ရာတွင် နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကြောင့် နိုင်ငံတစ်ဝန်းဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်မှုများအထိဖြစ်ပေါ်ခဲ့ပြီး ထိုအချိန်က ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေသည့်အချိန်လည်းဖြစ်ပြီး ပြင်းထန်သည့်သဘာဝဘေးများလည်း ကြုံတွေ့ခဲ့ရသည်။

ထိုသို့နိုင်ငံတော်အနေဖြင့် အခက်အခဲအကျပ်အတည်းအမျိုးမျိုးကြားမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးပြန်လည်ဦးမော့လာရန် အခြေခံများကို ခက်ခက်ခဲခဲ ကြိုးစားရုန်းကန်ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံနှင့်ပြည်သူများအတွက် စွန့်လွှတ်စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ နိုင်ငံတော်နှင့် ပြည်သူလူထုကို သစ္စာစောင့်သိပြီး တာဝန်ကျေခဲ့သည့်သူများ အများအပြားရှိခဲ့သည်။

နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒေသအလိုက်၊ ကဏ္ဍအလိုက်ချမှတ်ပေးထားသည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များကို အခက်အခဲမျိုးစုံကြားမှ အောင်မြင်အောင် ဆောင်ရွက်ရသည်မှာမလွယ်ကူပေ။ ထိုသို့အခက်အခဲအကျပ်အတည်းများကြားမှ အောင်မြင်မှုများရရှိအောင် နိုင်ငံတော်နှင့်ပူးပေါင်းပြီး စွန့်လွှတ်စွန့်စားစွာဖြင့် အန္တရာယ်ကိုမမှုဘဲ ရဲရဲဝံ့ဝံ့ဆောင်ရွက်ခဲ့ကြသူများ၊ အစအဆုံးပေးအပ်သည့်တာဝန်များကို သစ္စာရှိရှိဖြင့် ကျေပွန်အောင်ကြိုးစားထမ်းဆောင်ခဲ့သည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများကို ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို ရည်မှန်းကာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သူများကို လေးစားဂုဏ်ပြုအသိအမှတ်ပြုခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းပင်ဖြစ်သည်။ ချီးမြှင့်ခံရသူများအနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ အနာဂတ် မျိုးဆက်သစ်လူငယ်များကိုလည်း မိမိတို့ကဲ့သို့ အရည်အချင်းပြည့်ဝသူများဖြစ်အောင် ဆက်လက်မွေးထုတ်ပေးသွားကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ အခက်အခဲမျိုးစုံကြားမှ နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် သစ္စာရှိရှိ ရိုးရိုးသားသား၊ တက်တက်ကြွကြွဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ခဲ့သူများကို ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတက ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ချီးမြှင့်သည်မှာ ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းပင်ဖြစ်ပါ၍ ဆုချီးမြှင့်ခံရသူများနှင့်ထပ်တူ များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ရေးသားအပ်ပါသည်။

# ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကလေးဝ ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၇၀၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် တင်း ၂၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ မတ်ပဲ ၁၇၀၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဟသ်ာတမြို့နယ်တွင် ရင်ကွဲသရက်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**ဟသ်ာတ ဧပြီ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ဒေသထွက် ရင်ကွဲသရက်သီးများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် သရက်သီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် ဒေသထွက် ရင်ကွဲသရက်သီးများသည် ဈေးကွက်အတွင်း ယခုနှစ် ဧပြီလပထမပတ်မှ စတင်အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး ယနေ့ထိ တစ်ရက်လျှင် သရက်သီးအလုံးရေ ၄၅၀၀၀ မှ ၅၅၀၀၀ ထိ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါသရက်သီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၅၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ သရက်သီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေပါတယ်။ အခုအရောင်းအဝယ် ကောင်းနေတဲ့ သရက်သီးတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်ပါတယ်။ အခုလို ဒေသထွက်သရက်သီးတွေဝယ်ယူအားကောင်းလာတော့ သရက်စိုက်တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု ဟသ်ာတမြို့နယ် သရက်သီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် လက်ရှိ ရင်ကွဲသရက်သီးများ အပါအဝင် ဒေသထွက် သရက်သီးများပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက်သရက်သီးများ ဝယ်ယူအားကောင်း အရောင်းသွက်လာခြင်း၊ ဒေသထွက်ကုန်များကိုသာ အရောင်းအဝယ် ပြုလုပ်ရခြင်း၊ ကုန်စည်များသယ်ယူရသည့်ကုန်ကျစရိတ်သက်သာခြင်း၊ ကုန်ပစ္စည်းလတ်ဆတ်မှုခြင်း စသည့်အကျိုးကျေးဇူးများ ရှိနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ် ကုန်းတန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းဘူး ဧပြီ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် ကုန်းတန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့်အကျုံးဝင်သော စီမံကိန်းလုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကုန်းတန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဇေယျာသီရိမြို့နယ် ကန်သာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဧပြီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်သာအေးကျေးရွာနှင့် ထန်းတပင်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၅ရက်က ကန်သာအေးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာနှစ်ရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကန်သာအေးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ်သန်း ၅၀ ကိုလည်းကောင်း၊ ထန်းတပင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃ ဒသမ ၄သန်းကိုလည်းကောင်း အသီးသီး လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကျေးရွာနှစ်ရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၇၀ ကို ငွေကျပ် ၃၈ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၃၄ ဒသမ ၉သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၂၁ ဒသမ ၉သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၈ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၀၃ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။

**နေဘ်လူး**

# အုတ်ဖိုမြို့နယ် အုန်းနဲ့ကျေးရွာ၌ VRFP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**အုတ်ဖို ဧပြီ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းနဲ့ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (VRFP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အုန်းနဲ့ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် VRFP စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၂၀၀ ဖြင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သုတ**

# အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး



**အင်းတော် ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၂၃၇၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၀ ဒသမ ၇၅ တင်း ထွက်ရှိကြောင်း သိရသည်။

"အင်းတော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲဧက ၂၃၇၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဒီစိုက်ပျိုးထားတဲ့မြေပဲစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ မြေပဲစိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့အတွက်လဲ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# တပ်ကုန်းမြို့နယ် ကင်ပွန်းတန်း(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဧပြီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တပ်ကုန်းမြို့နယ် ကင်ပွန်းတန်း(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကင်ပွန်းတန်း(န) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု ငွေစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကင်ပွန်းတန်း(န) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဋ္ဌမနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်း သူ ၁၆၆ ဦးကို ရန်ပုံငွေကျပ် ၆၁၃ သိန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူသူ**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကောက်ညှင်းဆန်တင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဧပြီ ၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်းက ကောက်ညှင်းဆန်တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ကောက်ညှင်းဆန်တင်းရေ ၃၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် မတ်လအတွင်း ကောက်ညှင်းဆန် တင်းရေ ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ မတ်လအတွင်းက ကောက်ညှင်းဆန်တင်းရေ ၄၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဝါးခယ်မမြို့နယ်ကနေ ဆန်တွေ၊ စပါးတွေ၊ ကောက်ညှင်းဆန်တွေအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ် ကောင်းလာတာဖြစ်ပါတယ်။ ပြည်တွင်း ဆန်စပါးဈေးကွက်မှာကို ကောက်ညှင်းဆန်က အဝယ်လိုက်နေပါတယ်" ဟု ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်းက တင်ပို့ရောင်းချခဲ့သည့် ကောက်ညှင်းဆန် တစ်တင်းလျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ကောက်ညှင်းဆန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေလာကြောင်း ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အရှေ့တောင်အာရှဒေသများ၌ အများပြည်သူသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများပြောင်းလဲလာခြင်း အပိုင်း(၃)



**မလေးရှားနိုင်ငံ**

မလေးရှားနိုင်ငံ၏ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်သည် ကျွန်းဆွယ်နှင့် အရှေ့မလေးရှား(ဘော်နီယိုကျွန်းပေါ်ရှိ ဆာဘား၊ ဆာရာဝပ်) ဒေသတို့ကြား ဆက်သွယ်ရေး အခက်အခဲကို ကျော်လွှားကာ တစ်နိုင်ငံလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍက ပါဝင်နေသည်။

မလေးရှားသည် ဖက်ဒရယ်နိုင်ငံဖြစ်ပြီး နယ်မြေပိုင်းခြားမှုနှင့် မြို့ပြဖွံ့ဖြိုးမှုက အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို ပုံဖော်ခဲ့သည်။ နိုင်ငံ၏ ပထဝီအနေအထားအရ မလေးရှားသည် တောင်တရုတ်ပင်လယ်ဖြင့် ပိုင်းခြားထားသော ကျွန်းဆွယ်နှင့် အရှေ့မလေးရှားဟူ၍ နယ်မြေအပိုင်းနှစ်ခုဖြင့် ဖွဲ့စည်းထားရာ အဆိုပါ ပထဝီအနေအထားသည်ပင်လျှင် လေကြောင်းနှင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အလွန်အရေးပါစေသည်။

နိုင်ငံ၏ လူဦးရေနှင့် မြို့ပြဇဟိုချက်အနေအထားကိုကြည့်လျှင် လူဦးရေ ၃၆ ဒသမ ၄ သန်းခန့်ရှိပြီး မြို့ပြနေ လူဦးရေက ၇၇ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ ကွာလာလမ်ပူ၊ ပီနန်၊ ဂျိုဟိုဘာရူး စသည့် အဓိကမြို့ပြများသို့ လူဦးရေ စီးဆင်းမှုက လမ်းကြောင်းများနှင့် အမြန်ရထားစနစ်များ ဖွံ့ဖြိုးလာစေရန် ဖိအားဖြစ်စေခဲ့သည်။

စီးပွားရေးဖွံ့ဖြိုးမှုအနေဖြင့် GDP နှင့် HDI အညွှန်းကိန်းများ အလယ်အလတ်မြင့်မားသော နိုင်ငံအဆင့်တွင်ရှိနေသည့်မလေးရှားသည် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခရီးသွားလုပ်ငန်းကို ပံ့ပိုးရန်အတွက် ထိရောက်သော သယ်ယူပို့ဆောင်ရေးစနစ်ကို လိုအပ်သည်။

မလေးရှား၏ သယ်ယူပို့ဆောင်ရေးစနစ်သည် ကိုလိုနီခေတ်အမွေကို အခြေခံကာ ခေတ်မီသော စီးပွားရေးနိုင်ငံဖြစ်လာရန် အားထုတ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ဗြိတိသျှကိုလိုနီခေတ်တွင် ရေနံ၊ ကြေးနီ၊ ရော်ဘာတို့ ထုတ်လုပ်မှုအတွက် ရထားလမ်းများနှင့် ဆိပ်ကမ်းများကို စတင်တည်ဆောက်ခဲ့သည်။ အဆိုပါ အခြေခံအဆောက်အအုံများက နောင်တွင် နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကွန်ရက်အဖြစ် ပြောင်းလဲကာ ဖွံ့ဖြိုးလာခဲ့သည်။

လွတ်လပ်ရေးရရှိပြီး ၁၉၆၃ ခုနှစ် နောက်ပိုင်းတွင် လမ်းများကို စနစ်တကျ ချဲ့ထွင်တည်ဆောက်မှုနှင့် အတူ အများပြည်သူ ဘတ်စကားလုပ်ငန်းများ ပေါ်ပေါက်လာပြီး လူအများ သွားလာမှုက ပိုမိုလွယ်ကူလာခဲ့သည်။ စက်မှုနှင့် မြို့ပြဖွံ့ဖြိုးမှုအနေဖြင့် ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်း မလေးရှားသည် စီးပွားရေး လျင်မြန်စွာတိုးတက်လာမှုနှင့်အတူ ကွာလာလမ်ပူ၊ ပီနန် စသည့် မြို့ကြီးများတွင် လမ်းကြောင်းများ ပိုမိုချဲ့ထွင်ဆက်သွယ်မှုနှင့် လေဆိပ်များ တိုးချဲ့ဖွင့်လှစ်မှုကို ပြုလုပ်ခဲ့သည်။

ဘတ်စကားစနစ်တွင် မြို့တွင်းနှင့် မြို့ပြင်ခရီးစဉ်များအတွက် အခြေခံနှင့် အဆင့်မြင့် ဝန်ဆောင်မှုမျိုးစုံဖြင့် ကျယ်ပြန့်သော ကွန်ရက်ရှိကာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၏ ကျောရိုးအဖြစ် ဆောင်ရွက်ခဲ့သည်။ Grab ကဲ့သို့သော e-Hailing ဝန်ဆောင်မှုများ လွှမ်းမိုးလာခြင်းကလည်း ပို့ဆောင်ရေးကဏ္ဍကို ပြောင်းလဲစေခဲ့သည်။

နိုင်ငံ၏ မြောက်ပိုင်း-တောင်ပိုင်း တြိဂံလမ်းမကြီးနှင့် အမြန်လမ်းများစွာတို့ဖြင့် ကျွန်းဆွယ်တစ်လျှောက် ကွန်ရက်ချိတ်ဆက်ထားသည်။

မလေးရှားနိုင်ငံ၏ ရထားလမ်းကြောင်းများကို ပြည်တွင်းခရီးသည်ပို့ဆောင်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော Keretapi Tanah Melayu Berhad (KTMB) က စီမံခန့်ခွဲသည်။ KTMB ၏ရထားလမ်းကြောင်းများကို အဓိကအားဖြင့် အောက်ပါအတိုင်း ခွဲခြားထားသည်။

KTM Komuter ခရီးတိုပြေးဆွဲသည့်ရထားကို ၁၉၉၅ ခုနှစ်က စတင်မိတ်ဆက်ခဲ့ပြီး ကွာလာလမ်ပူမြို့တော်နှင့် ဆင်ခြေဖုံးဒေသများကို ဆက်သွယ်ပေးထားသည်။ လက်ရှိတွင် ဆီရမ်ဘန်လိုင်း( Seremban Line) က Batu Caves မှ Tampin ထိဖြစ်ပြီး ပို့ကလန်းလိုင်း (Port Klang Line) က Tg. Malim မှ Port Klang ထိဖြစ်သည်။

Southern Komuter Service အနေဖြင့် ၂၀၂၆ ခုနှစ် နှစ်လယ်ပိုင်းတွင် ဂျိုဟိုဘာရူးရှိ Kempas Baru မှ Pasir Gudang ထိ စတင်ပြေးဆွဲရန် စီစဉ်ထားသည်။ ပထမအဆင့်အနေဖြင့် Kulai မှ JB Sentral ထိ ခရီးစဉ် ၃၂ ခု ပြေးဆွဲမည်ဖြစ်သည်။

KTM ETS က လျှပ်စစ်မီးရထားဝန်ဆောင်မှု (Electric Train Service) ဖြစ်ပြီး မြန်နှုန်းမြင့်မားကာ ခရီးဝေးသွားလာရေးအတွက် အဆင်ပြေစေသည်။ လက်ရှိတွင် မြောက်ပိုင်းနှင့် တောင်ပိုင်း ခရီးစဉ်များအဖြစ် ကွာလာလမ်ပူမှ Ipoh နှင့် Butterworth ထိ၊ ထိုမှဆက်၍ ထိုင်းနိုင်ငံ နယ်စပ်အနီးရှိ Padang Besar ထိ ပြေးဆွဲပေးသည်။ ထိုင်းနိုင်ငံ၏ ရထားလိုင်းများနှင့်ချိတ်ဆက်ကာ ဟတ်ယိုင် (Hat Yai) သို့မဟုတ် ဗန်ကောက်မြို့သို့ ခရီးဆက်နိုင်သည်။

တောင်ပိုင်း တိုးချဲ့ခရီးစဉ်အနေဖြင့် ၂၀၂၆ ခုနှစ်ကုန်၌ ဂျီမတ်စ် (Gemas) မှ ဂျိုဟိုဘာရူးထိ လျှပ်စစ်ရထားလမ်းနှစ်သွယ် စီမံကိန်းပြီးစီးပါက ဂျေဘီဆင်ထရယ်(JB Sentral) ထိ ETS ဝန်ဆောင်မှုများကို တိုးချဲ့သွားမည်ဖြစ်သည်။

KTM Intercity သည် မြို့တွင်းဆက်သွယ်ရေး ရထားဖြစ်ပြီး လျှပ်စစ်ဓာတ်အားမရရှိသော တစ်လမ်းမောင်း ရထားလမ်းပိုင်းများတွင် ဒီဇယ်အင်ဂျင်သုံး ရထားများဖြင့် ပြေးဆွဲသည်။ အရှေ့ကမ်းရိုးတန်း ရထားလိုင်း (East Coast Railways Line) အနေဖြင့် Gemas မှ ကယ်လန်တန်ပြည်နယ် Tumpat ထိ ဖြစ်ပြီး ဂျန်ဂယ်လ်ရထား(Jungle Railway)ဟုလည်း လူသိများသည်။

လေကြောင်းပို့ဆောင်ရေး၏ အဓိကလေဆိပ်များမှာ ကွာလာလမ်ပူနိုင်ငံတကာလေဆိပ် (KLIA)၊ ကွာလာလမ်ပူဒုတိယနိုင်ငံတကာလေဆိပ် (KLIA2)၊ ပီနန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ကိုတာကီနာဘာလူလေဆိပ်တို့ဖြစ်ကြပြီး ကျွန်းဆွယ်နှင့် အရှေ့မလေးရှား ဒေသနှစ်ခုကြား မရှိမဖြစ် အရေးကြီးသည့် ဆက်သွယ်မှုများကို ဆောင်ကြဉ်းပေးသည်။

အလားတူပင် ရေကြောင်းပို့ဆောင်ရေးအနေဖြင့်လည်း ကျွန်းဆွယ်မလေးရှားနှင့် အရှေ့မလေးရှားဒေသများရှိ ဆာဘားနှင့် ဆာရာဝပ်ကြား၊ တီယိုမန်းနှင့် ပီနန်ကြား ပုံမှန်ဖယ်ရီသင်္ဘောများ ခုတ်မောင်းပြေးဆွဲလျက်ရှိသည်။ ကလန်ဆိပ်ကမ်း (Port Klang) နှင့် ပီနန်ဆိပ်ကမ်း (Penang Port) စသည့်အဓိကဆိပ်ကမ်းများမှတစ်ဆင့် နိုင်ငံတကာနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်သည်။

သယ်ယူပို့ဆောင်ရေးကို ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများက ပေါင်းစပ်တာဝန်ယူထားသည့် မလေးရှားနိုင်ငံအတွက် ပထဝီအနေအထားအရ တောင်တရုတ်ပင်လယ်ဖြင့် ပိုင်းခြားထားသော နယ်မြေအပိုင်းနှစ်ခုကြား ကုန်စည်နှင့် ခရီးသည်များ သွားလာရေးအတွက် ပိုမိုထိရောက်စွာ ဆက်သွယ်နိုင်ရေး၊ ကွာလာလမ်ပူကဲ့သို့သော အဓိကကျသည့် မြို့ကြီးများတွင် ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းပိတ်ဆို့မှုများ မကြာခဏ ကြုံတွေ့ရသည့် ပြဿနာများကို ဖြေရှင်းနိုင်ရေးနှင့် မြို့ပြနှင့် ကျေးလက်ဒေသများကြား၊ ကျွန်းဆွယ်နှင့် အရှေ့မလေးရှားဒေသများကြား သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုအရည်အသွေး ကွာဟချက်များ ကျဉ်းမြောင်းလာစေရေးတို့က အဓိကစိန်ခေါ်မှုများအဖြစ် ရှိနေဆဲဖြစ်သည်။

မလေးရှားနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးအတွက် အနာဂတ်မျှော်မှန်းချက်အနေဖြင့် မြို့တော်ကွာလာလမ်ပူ၌ MRT လိုင်းများကို တိုးချဲ့ခြင်း၊ ဆာဘားပြည်နယ်တွင် ပထမဦးဆုံးအဖြစ် အမြန်ရထားလမ်း

**❖ မလေးရှားနိုင်ငံ၏ ရထားလမ်းကြောင်းများကို ပြည်တွင်းခရီးသည်ပို့ဆောင်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော Keretapi Tanah Melayu Berhad (KTMB) က စီမံခန့်ခွဲသည်။ KTMB ၏ရထားလမ်းကြောင်းများကို အဓိကအားဖြင့် အောက်ပါအတိုင်း ခွဲခြားထားသည်။ KTM Komuter ခရီးတိုပြေးဆွဲသည့်ရထားကို ၁၉၉၅ ခုနှစ်က စတင်မိတ်ဆက်ခဲ့ပြီး ကွာလာလမ်ပူမြို့တော်နှင့် ဆင်ခြေဖုံးဒေသများကို ဆက်သွယ်ပေးထားသည်။❖**

၂၀၂၇ ခုနှစ်တွင် စတင်လည်ပတ်မည့် အရှေ့ကမ်းရိုးတန်း မီးရထားလိုင်း (ECRL) သည် ဆီလန်ဂေါ်ပြည်နယ်ရှိ Port Klang၊ Serendah နှင့် ပါဟန်ပြည်နယ်ရှိ Mentakab တို့တွင် KTMB လိုင်းများနှင့် ဆက်သွယ်ပေးမည်ဖြစ်သည်။ နိုင်ငံတကာ ခရီးစဉ်များကို ပြန်လည်စတင်ရန်အတွက် Butterworth မှ ဗန်ကောက်မြို့ထိ ရထားလမ်းကြောင်းကို ပြန်လည်စတင်ရန် စီစဉ်လျက်ရှိသည်။

KTMB ၏ ရထားလမ်းကြောင်းများသည် မလေးရှားကျွန်းဆွယ်၏ အနောက်ဘက် ကမ်းရိုးတန်းနှင့် အရှေ့ဘက်ကမ်းရိုးတန်းများတစ်လျှောက် ဖြန့်ကြက်တည်ရှိပြီး စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ကိုပါ ဆက်သွယ်ပေးထားသည်။

စတင်တည်ဆောက်ခြင်း၊ ထူးခြားသောသယ်ယူပို့ဆောင်ရေး ပေါင်းစည်းမှုအနေဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ e-Hailing၊ စက်ဘီး မျှဝေစီးနင်းခြင်းစနစ်များကို ပေါင်းစပ်ပေးသည့် မိုဘိုင်းအပလီကေးရှင်းများ(MaaS)ကို တိုးမြှင့်အသုံးပြုခြင်း၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုအတွက် လျှပ်စစ်ဘတ်စကားများ၊ လျှပ်စစ်ရထားများကို မိတ်ဆက်ခြင်းနှင့် ခရီးသည်များ သက်သောင့်သက်သာရှိစေမည့် ဘူတာရုံများကို တည်ဆောက်ခြင်း စသည်တို့ကို လုပ်ဆောင်လျက်ရှိသည်။

**ပါမောက္ခကိုကိုအောင်**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလိုဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့ တင်ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုး လိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၂၉၀၉၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြောင်းမြ ဧပြီ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၂၉၀၉၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၃၄၈၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော မတ်ပဲ စိုက်ခင်းများကို ယခုနှစ် မတ်လ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၉၀၉၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၅ ဒသမ ၁၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ မတ်ပဲဧက ၃၄၈၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၂၉၀၉၄ ဧကရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မတ်ပဲသီးနှံတွေကို လျားထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်မှန်ကန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုးနဲမြို့နယ် လွိုင်လင်းကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးနဲ ဧပြီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လွိုင်လင်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF)ရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိုးနဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်က လွိုင်လင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၇၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လွိုင်လင်းကျေးရွာရှိ ချယ်ရီအဖွဲ့၊ နေကြာအဖွဲ့၊ ကြာပန်းဖြူအဖွဲ့နှင့် ရှမ်းရိုးမအဖွဲ့တို့ကို အဖွဲ့တစ်ဖွဲ့လျှင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေကျပ် ၇၅ သိန်းစီ ထုတ်ချေးပေးခဲ့ကြောင်း မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်ခိုင်ကပြောပြ၍ သိရသည်။



**မောင်ခိုင်**

## နိုင်ငံတော်သစ်ဆီသို့

\- နိုင်ငံတော်သစ်ဆီသို့
ချစ်ကြည်လို့ သွားကြမယ်၊
ခက်ခဲတွေ မကြောက်တမ်း
လျှောက်လှမ်းကြကွယ်၊
သွေးကွဲမှု မရှိတယ်
အသိဝယ် စည်းလုံးလျက်၊
ရည်ရွယ်ရာ ပန်းတိုင်သို့
လှမ်းနိုင်ဖို့တွက်။

\- နိုင်ငံတော်သစ်အတွက်
စစ်မက်တို့ ရှိမနေ၊
တိုင်းရင်းသား ချစ်ကြည်ရေး
ဖြစ်တည်ပေးစေ၊
နိုင်ဝန်ထမ်း လန်းလျက်ပေ
မြန်းချက်မသွေ အောင်မြင်ရေး၊
ပြည်မြန်မာ အလှပန်း
ငြိမ်းချမ်းစေလေး။

\- နိုင်ငံတော်တိုးတက်ရေး
မျိုးဆက်သွေး တို့တာဝန်၊
အင်အားစုံ အတူစုလို့
လူမှုထူးချွန်၊
ထားရှိကြ စိတ်ကောင်းမွန်
ကျေပွန်သည့် ကျင့်ဝတ်များ၊
တို့နိုင်ငံ တိုးပွားအောင်
ကြိုးစားစို့လား။

\- နိုင်ငံတော်အခြေတစ်လွှား
မသွေခြားဘဲ အတူတူ၊
မျှတသော မြတ်တရား
ထင်ရှားမည့်မူ၊
စည်းကမ်းနှင့် နည်းလမ်းကူ
ဖြူစင်သည့် တို့ဘဝ၊
ပြည်မြန်မာ အလှလွှမ်း၍
ချမ်းမြေ့ပါရ။ ။

**အဝေရာကိုကို**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်


á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## တရုတ်နှင့် ရုရှား နိုင်ငံခြားရေးဝန်ကြီးတို့ ဖုန်းခေါ်ဆို ဆွေးနွေး

ပေကျင်း ဧပြီ ၆



အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခများ အဆုံးသတ်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ရုရှားနိုင်ငံနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ဧပြီ ၅ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဟော်မုဇ်ရေလက်ကြား ရေကြောင်းသွားလာရေးပြဿနာများ ဖြေရှင်းရေးအတွက် အခြေခံအကျဆုံးနည်းလမ်းမှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အမြန်ဆုံးရရှိရန် ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးက သုံးသပ်ပြောကြားခဲ့သည်။

ဟော်မုဇ် ရေလက်ကြားနှင့် ပတ်သက်၍ ဘာရိန်းနိုင်ငံက အဆိုပြုတင်သွင်းထားသော ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက လာမည့် ရက်သတ္တပတ်အတွင်း မဲခွဲမီ တရုတ်နိုင်ငံခြားရေး ဝန်ကြီးနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့ ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းတွင် ဟော်မုဇ်ရေလက်ကြား လုံခြုံရေးအတွက် လိုအပ်သည့်နည်းလမ်းမှန်သမျှအသုံးချခွင့်ပေးရန် ကုလသမဂ္ဂလုံခြုံရေး ကောင်စီကို တောင်းဆိုထားသည်။

သို့ရာတွင် ဟော်မုဇ်ရေလက်ကြားပြဿနာကို သံတမန်နည်းလမ်းစဉ်၊ တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်များဖြင့်သာ ဖြေရှင်းသင့်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ထရန်သန်မန်းကို ဒုတိယသက်တမ်းအတွက် ဗီယက်နမ်လွှတ်တော်အတည်ပြု




ဟနွိုင်း ဧပြီ ၆

ဗီယက်နမ်အမျိုးသားလွှတ်တော်အမတ်များသည် လက်ရှိအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ထရန်သန်မန်းကို ဒုတိယသက်တမ်းအတွက် ယနေ့တွင် ပြန်လည်ရွေးကောက်တင်မြှောက်ခဲ့ကြကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဗီယက်နမ်အမျိုးသားလွှတ်တော်သစ်သည် ကွန်မြူနစ်ပါတီ ညီလာခံက ရွေးချယ်ထားသည့် နိုင်ငံခေါင်းဆောင်သစ်များကို ရွေးချယ်ရေးအတွက် ယနေ့တွင် လွှတ်တော် အစည်းအဝေးများ စတင်ခဲ့ကြသည်။

အစည်းအဝေး ပထမနေ့ဖြစ်သည့် ယနေ့တွင် ဗီယက်နမ်အမျိုးသားလွှတ်တော်အမတ်များသည် လက်ရှိလွှတ်တော်ဥက္ကဋ္ဌ ထရန်သန်မန်းကို ဒုတိယသက်တမ်းအတွက် ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

လွှတ်တော် ဥက္ကဋ္ဌသစ်ကို အတည်ပြု ရွေးချယ်ခဲ့ပြီးနောက် ဗီယက်နမ်အမျိုးသားလွှတ်တော်အမတ်များသည် ဝန်ကြီးချုပ်သစ်နှင့် သမ္မတသစ်တို့ကို ဆက်လက်ရွေးချယ်မည်ဖြစ်သည်။

ဗီယက်နမ် သမ္မတရာထူးကို လက်ရှိ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး တိုလမ်းက တွဲဖက်ရယူနိုင်ဖွယ်ရှိသည်။

လွှတ်တော်အမတ်နေရာ ၅၀၀ ရှိသော ဗီယက်နမ်အမျိုးသားလွှတ်တော်သည် ကွန်မြူနစ်ပါတီ၏ ဆုံးဖြတ်ချက်များကို တရားဝင်အတည်ပြုပေးရသည့် အဖွဲ့အစည်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခအဆုံးသတ်ရေး ငြိမ်းချမ်းရေးအဆိုပြုချက်ကို အမေရိကန်နှင့် အီရန်တို့ လက်ခံရရှိထား



နယူးယောက် ဧပြီ ၆

လက်ရှိဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခကို အဆုံးသတ်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆိုပြုချက်မူဘောင်တစ်ရပ်ကို အမေရိကန်နှင့် အီရန်နိုင်ငံတို့က လက်ခံရရှိထားကြောင်း ယနေ့ သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပြုငြိမ်းချမ်းရေးမူဘောင်၌ အပစ်အခတ်ချက်ချင်းရပ်စဲရန်နှင့် အပစ်အခတ်ရပ်စဲရေးရရှိခဲ့ပါက ၁၅ ရက်မှ ရက် ၂၀ အတွင်း ပိုမိုကျယ်ပြန့်လွှမ်းခြုံမှုရှိသည့် ငြိမ်းချမ်းရေး သဘောတူညီချက်ရယူရန် တောင်းဆိုထားကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း ဒေသ စစ်ရေးပဋိပက္ခ ရက်သတ္တငါးပတ်ကာလအတွင်း ဝင်ရောက်လာချိန်တွင် အဆိုပြုငြိမ်းချမ်းရေးမူဘောင်ကို ပါကစ္စတန်နှင့်အရှေ့အလယ်ပိုင်းဒေသတွင်း နိုင်ငံများက တင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခမှာ ပြင်းထန်နေဆဲဖြစ်ပြီး အမေရိကန်နိုင်ငံနှင့် ဧပြီ ၇ ရက် နောက်ဆုံးထား၍ သဘောတူညီချက်ရယူခြင်းမရှိပါက အီရန်ကို စစ်ရေးအရ ပြင်းထန်စွာတိုက်ခိုက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က သတိပေးပြောကြားထားသည်။

သို့ရာတွင် ဧပြီ ၇ ရက် နောက်ဆုံးထား၍ သဘောတူညီချက်ရယူရန် သမ္မတဒေါ်နယ်ထရမ့်၏ တောင်းဆိုချက်ကို အီရန်နိုင်ငံက ငြင်းပယ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## အီရန်နိုင်ငံ၏ ဒုံးကျည်တိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံ ဟိုင်ဖာမြို့၌ လူလေးဦးသေဆုံး

ဂျေရုဆလင် ဧပြီ ၆

အီရန်နိုင်ငံက ဒုံးကျည်များဖြင့် ပစ်ခတ် တိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံ ဟိုင်ဖာဆိပ်ကမ်းမြို့၌ လူ လေးဦးသေဆုံးခဲ့ကြောင်း အစ္စရေးမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အီရန်နိုင်ငံက ဧပြီ ၅ ရက်တွင် ပစ်လွှတ်ခဲ့သည့် ဒုံးကျည်တစ်စင်းသည် ဟိုင်ဖာမြို့တွင်းရှိ လူနေအဆောက်အအုံတစ်လုံးကို ထိမှန်ခဲ့ကြောင်း အစ္စရေးမီဒီယာများ၏ အဆိုအရ သိရသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင်စတင်ခဲ့သည့် အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခမှာ ရက်သတ္တငါးပတ်အတွင်း ဝင်ရောက်လာပြီဖြစ်သော်လည်း ရပ်တန့်မည့်လက္ခဏာမျိုး မတွေ့ရသေးကြောင်း သိရသည်။

အီရန်နိုင်ငံသည် ဧပြီ ၅ ရက်တွင် အစ္စရေးနိုင်ငံအတွင်းရှိ ပစ်မှတ်များနှင့် ပင်လယ်ကွေ့ အာရပ်နိုင်ငံများမှ ရေနံလုပ်ငန်း အခြေခံ အဆောက်အအုံများကို မောင်းသူမဲ့ ဒရုန်းယာဉ်များ၊ ဒုံးကျည်များဖြင့် ဆက်လက်တိုက်ခိုက်ခဲ့သည်။

အလားတူ အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့ကလည်း အီရန်မြို့ကြီးများကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။

လက်ရှိတွင် အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခ အဆုံးသတ်ရေးအတွက် ပါကစ္စတန်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းဒေသတွင်းနိုင်ငံများက ကြားဝင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

## တောင်ကိုရီးယားနိုင်ငံက လောင်စာဆီဖြည့်ဆည်းမှုလမ်းကြောင်းသစ်ထားရှိရေးအတွက် ရေနံတင်သင်္ဘောငါးစီးကို ဆော်ဒီအာရေဗျနိုင်ငံ ပင်လယ်နီဆိပ်ကမ်းသို့စေလွှတ်မည်

ဆိုးလ် ဧပြီ ၆

တောင်ကိုရီးယား နိုင်ငံသည် ကိုရီးယားမှတ်ပုံတင် ရေနံတင်သင်္ဘော ငါးစီးကို ဆော်ဒီအာရေဗျနိုင်ငံ ပင်လယ်နီဆိပ်ကမ်းဖြစ်သည့် ယန်ဘူဆိပ်ကမ်းသို့ စေလွှတ်ရန် စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဟော်မုဇ် ရေလက်ကြားပိတ်ဆို့နေချိန်တွင် လောင်စာဆီဖြည့်ဆည်းမှု လမ်းကြောင်းသစ်ထားရှိရေးအတွက် ရေနံတင်သင်္ဘောငါးစီးကို ဆော်ဒီအာရေဗျနိုင်ငံ ပင်လယ်နီဆိပ်ကမ်းသို့ စေလွှတ်ရန် တောင်ကိုရီးယားနိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ဖေဖော်ဝါရီ ၂၈ ရက်တွင် စစ်ရေးအရတိုက်ခိုက်ခဲ့ပြီးနောက် အီရန်နိုင်ငံက ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို စတင်ပိတ်ဆို့ခဲ့သည်။

ဟော်မုဇ်ရေလက်ကြားပိတ်ဆို့ထားရမှုကြောင့် ကမ္ဘာ့တစ်ဝန်းလုံး၌ လောင်စာဆီများရှားပါးပြတ်လပ်၍ စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

တောင်ကိုရီးယား နိုင်ငံသည် နိုင်ငံ၏ စွမ်းအင်လိုအပ်ချက် ၇၀ ရာခိုင်နှုန်းအတွက် အရှေ့အလယ်ပိုင်းဒေသ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို အားပြုနေရသည့်နိုင်ငံဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံသည် စွမ်းအင်အကျပ်အတည်းကို ကျော်ဖြတ်ရေးအတွက် လောင်စာဆီဈေးနှုန်းများကို အမြင့်ဆုံးအဆင့်ပြင်ဆင်သတ်မှတ်မှု အပါအဝင် အရေးပေါ်လုပ်ငန်း အစီအမံများ ချမှတ် ကျင့်သုံးနေရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## Starship အာကာသဒုံးပျံ စမ်းသပ်ပစ်လွှတ်မည့်အစီအစဉ်ကို စပေ့အိတ်ကုမ္ပဏီက မေလအတွင်းမှသာ လွှတ်တင်မည်ဖြစ်



ဝါရှင်တန် ဧပြီ ၆

Starship အာကာသဒုံးပျံ စမ်းသပ်ပစ်လွှတ်မည့် အစီအစဉ်ကို တစ်လနောက်ဆုတ်၍ မေလအတွင်းမှသာ လွှတ်တင်မည်ဖြစ်ကြောင်း စပေ့အိတ်ကုမ္ပဏီက ဧပြီ ၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

စပေ့အိတ်ကုမ္ပဏီသည် မူလက Starship အာကာသဒုံးပျံကို ယခုလအတွင်း လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် မေလအတွင်း လွှတ်တင်မည့် Starship အာကာသ ဒုံးပျံမှာ ယခင် Starship အာကာသဒုံးပျံများထက် စွမ်းဆောင်ရည် ပိုမြင့်မားသော ပုံစံ-၃ အမျိုးအစား Starship ဒုံးပျံဖြစ်ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship အာကာသဒုံးပျံများကို ၁၁ ကြိမ်ထိ စမ်းသပ်လွှတ်တင်ခဲ့ပြီး နှစ်ကြိမ်သာ အပြည့်အဝ အောင်မြင်သေးကြောင်း သိရသည်။

၁၁ ကြိမ်မြောက် Starship အာကာသဒုံးပျံ စမ်းသပ်လွှတ်တင်မှုကို ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ပြုလုပ်ခဲ့ပြီး စပေ့အိတ်ကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်များဆီသို့လူသားများစေလွှတ်ရေးအတွက် Starship အာကာသဒုံးပျံများကို တည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO


## အိုရီယွန်အာကာသယာဉ်က အာကာသယာဉ်မှူးလေးဦးကို ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၂၅၂၇၅၇ မိုင်ထိ ပို့ဆောင်ပေးမည်

ဝါရှင်တန် ဧပြီ ၆

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အိုရီယွန် အာကာသယာဉ်သည် အာကာသယာဉ်မှူး လေးဦးကို ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၂၅၂၇၅၇ မိုင်ထိ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ဧပြီ ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မှူးလေးဦး လိုက်ပါသွားသည့် အိုရီယွန်အာကာသယာဉ်ကို ဧပြီ ၁ ရက်တွင် SLS ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အိုရီယွန် အာကာသယာဉ်သည် အာကာသယာဉ်မှူး လေးဦးကို ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၂၅၂၇၅၇ မိုင်အကွာသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း နာဆာ တာဝန်ရှိသူများက အတည်ပြုပြောကြားထားသည်။



အဆိုပါ အကွာအဝေးအရ အားတီးမစ်-၂ အာကာသယာဉ်မှူးများ ရောက်ရှိမည့်နေရာသည် ကမ္ဘာမြေနှင့်နှိုင်းယှဉ်ပါက လကမ္ဘာနှင့်ပိုနီးနေမည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

အားတီးမစ်-၂ မစ်ရှင် အာကာသယာဉ်မှူး လေးဦးတို့ရောက်ရှိသည့်နေရာသည် အပိုလို-၁၃ အာကာသယာဉ်မှူးများ ၁၉၇၀ ပြည့်နှစ်တွင် ရောက်ရှိခဲ့သည့် အကွာအဝေးထက် ပို၍ဝေးကွာမည်ဖြစ်ကြောင်း သိရသည်။

၁၉၇၀ ပြည့်နှစ်တွင် အပိုလို အာကာသ ယာဉ်မှူးများသည် ကမ္ဘာဂြိုဟ်နှင့်မိုင်ပေါင်း ၂၄၈၆၅၅ မိုင်အကွာထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဗီရာစီရူဘင် အာကာသရေဒီယိုတယ်လီစကုပ်က သီတင်းပတ်အနည်းငယ်အတွင်း ဂြိုဟ်သိမ်သစ် ၁၁၀၀၀ တို့ကို ရှာဖွေတွေ့ရှိခဲ့

ဝါရှင်တန် ဧပြီ ၆

အမေရိကန်နိုင်ငံ ချီလီအခြေစိုက် ဗီရာစီရူဘင် အာကာသရေဒီယို တယ်လီစကုပ်သည် သီတင်းပတ် အနည်းငယ်အတွင်း ဂြိုဟ်သိမ်သစ် ၁၁၀၀၀ တို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဧပြီ ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာ့အကြီးဆုံး ဒစ်ဂျစ်တယ်ကင်မရာစနစ် တပ်ဆင်ထားသော ဗီရာစီရူဘင် အာကာသရေဒီယို တယ်လီစကုပ်သည် အထက်ပါ ဂြိုဟ်သိမ်သစ် ၁၁၀၀၀ တို့ကို သီတင်းပတ် ခြောက်ပတ်တာ ကာလအတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဗီရာစီရူဘင် အာကာသရေဒီယိုတယ်လီစကုပ်သည် စူးစမ်းလေ့လာရေးမစ်ရှင် တရားဝင်စတင်ပြီး သီတင်းပတ်ခြောက်ပတ်အတွင်း လေ့လာတိုင်းတာမှုပေါင်း တစ်သန်းခန့် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကာလအပိုင်းအခြားအတွင်း ဗီရာစီရူဘင် အာကာသရေဒီယိုတယ်လီစကုပ်သည် ဂြိုဟ်သိမ်သစ် ရာပေါင်းများစွာကို ရှာဖွေပေးနိုင်ခဲ့သည့်အပြင် ယခင်ရှာဖွေတွေ့ရှိထားပြီးဖြစ်သော ဂြိုဟ်သိမ် ၈၀၀၀၀ ကျော်တို့၏ ပတ်လမ်းများကိုလည်း တွက်ချက်ပေးနိုင်ခဲ့ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗီရာစီရူဘင်အာကာသရေဒီယိုတယ်လီစကုပ်သည် ယခင်က နှစ်နှစ်ခန့် အချိန်ယူခဲ့ရသော ရှာဖွေတွေ့ရှိချက်မျိုးကို လအနည်းငယ်အတွင်း ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ဗီရာစီရူဘင်အာကာသရေဒီယိုတယ်လီစကုပ်၏ စွမ်းပကားသည် ကမ္ဘာကြီးကို ဂြိုဟ်သိမ်အန္တရာယ်မှကာကွယ်ရာတွင် များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာ ရှိသူများက မရှိသူများနှင့်နှိုင်းယှဉ်ပါက လေဖြတ်နိုင်ခြေနှင့်နှလုံးဖောက်နိုင်ခြေမြင့်မားနေ

လန်ဒန် ဧပြီ ၆

အိပ်စက်ချိန် လေပြွန်ပိတ်ဆို့မှုပြဿနာ(OSA)ပြဿနာရှိသူများသည် မရှိသူများနှင့်နှိုင်းယှဉ်ပါက နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေ ပို၍မြင့်မားနေတတ်သည်ဟု သုတေသန ပညာရှင်များ၏အဆိုကိုကိုးကား၍ ဧပြီ ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ OSA ပြဿနာ ရှိနေသူများသည် ၎င်းပြဿနာမရှိသူများထက် နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ ၇၁ ရာခိုင်နှုန်းပိုမြင့်မားကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် OSA ပြဿနာရှိသူဦးရေ ၂၀၀၀ ကျော်တို့၏ကျန်းမာရေးအချက်အလက်များနှင့် OSA ပြဿနာမရှိသူ ၁၀၀၀၀၀ ခန့်တို့၏ ကျန်းမာရေးအချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ OSA ပြဿနာရှိသူများသည် မရှိသူများထက် လေဖြတ်နိုင်ခြေ၊ နှလုံးရုတ်တရက်ဖောက်နိုင်ခြေ ပို၍မြင့်မားနေတတ်ကြောင်း၊ အထက်ပါ ရောဂါနှစ်မျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေလည်း ပိုမြင့်မားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

OSA ပြဿနာကြောင့် အိပ်စက်နေချိန်တွင် လေပြွန်လမ်းကြောင်းကြွက်သားများ ပိတ်ဆို့သွားတတ်ပြီး မကြာခဏအိပ်ရာနိုးထရတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အာနိသင်မြှင့်တင်ထားသော တုပ်ကွေးကာကွယ်ဆေးက Dementia ရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

နယူးယောက် ဧပြီ ၆

အာနိသင် မြှင့်တင်ထားသော တုပ်ကွေးရောဂါ ကာကွယ်ဆေးသည် သက်ကြီးပိုင်းများ၌ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဧပြီ ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တုပ်ကွေးရောဂါကာကွယ်ဆေးကို ဆေးချိန်ဆေးဆ မြှင့်တင်ထိုးနှံထားသည့် သက်ကြီးပိုင်းများတွင် Dementia ရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၅၅ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း၊ ပုံမှန်တုပ်ကွေးကာကွယ်ဆေးထိုးနှံထားသောသက်ကြီးပိုင်းများတွင်မူ Dementia ရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၄၄ ရာခိုင်နှုန်းသာ ပို၍လျော့ပါးသွားသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အာနိသင်မြှင့်တင်ထားသော တုပ်ကွေး ကာကွယ်ဆေးကဲ့သို့သော ကာကွယ်ဆေးများသည် သက်ကြီးပိုင်းများ၏ ခုခံအားစနစ် ပြန်လည် အားကောင်းလာရေး အတွက် အကျိုးကျေးဇူးရှိနိုင်ကြောင်း၊ Dementia ရောဂါသည် တုပ်ကွေးရောဂါနှင့်ဆက်စပ်မှုမရှိနိုင်သော်လည်း တုပ်ကွေးကာကွယ်ဆေးများကမူ အသက်ရလာချိန်တွင် Dementia ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# WBO စူပါဝဲလ်တာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဖြိတိန်လက်ဝှေ့မယ် ကင်မရွန်း ဆွတ်ခူး



လန်ဒန် ဧပြီ ၆

ဗြိတိန်လက်ဝှေ့မယ် ကင်မရွန်းသည် WBO စူပါဝဲလ်တာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် ချက်လက်ဝှေ့မယ် ကိုတာစကိုဗာနှင့် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ယနေ့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ကင်မရွန်းက ဒိုင်အမှတ်ဖြင့် အနိုင်ရပြီး ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ကြောင်း Fight Mag သတင်းဌာနက ဖော်ပြခဲ့သည်။

ကင်မရွန်းသည် WBC စူပါလိုက်ဝိတ်တန်းတွင်လည်း ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်ပြီး ကိုစတာကိုဗာကို အနိုင်ရခဲ့ပြီးနောက် မတူညီသော ဝိတ်တန်းနှစ်ခု၏ ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။

ကင်မရွန်းအနေဖြင့် မတူညီသော ဝိတ်တန်းနှစ်ခု၏ ကမ္ဘာ့ချန်ပီယံ ဖြစ်လာခဲ့ပြီးနောက် လက်ဝှေ့လောကတွင် ဂန္ထဝင်တစ်ဦးအဖြစ် သတ်မှတ်ခံထားရသည့် အမေရိကန်လက်ဝှေ့မယ် မေယာနှင့် ထိုးသတ်လိုကြောင်း ပြောကြားခဲ့သည်။

ကင်မရွန်းက "မတူညီတဲ့ ဝိတ်တန်းနှစ်ခုရဲ့ ကမ္ဘာ့ချန်ပီယံ ဖြစ်ခွင့်ရခဲ့တာ ဝမ်းသာဂုဏ်ယူပါတယ်။ နောက်ထပ်လဲ မတူညီတဲ့ ဝိတ်တန်း၊ မတူညီတဲ့လက်ဝှေ့အဖွဲ့ချုပ်တွေရဲ့ ကမ္ဘာ့ချန်ပီယံခါးပတ်တွေကို ရယူလိုပါတယ်။ အခု ဆန္ဒရှိနေတာကတော့ မေယာနဲ့ ထိုးသတ်ချင်ပါတယ်။ သူဟာ ဂန္ထဝင်တစ်ယောက် ဖြစ်သလို လေးစားအားကျရတဲ့ လက်ဝှေ့မယ်တစ်ယောက်ပါ။ သူနဲ့ထိုးသတ်ခွင့်ရဖို့အတွက် ကျွန်မလုပ်နိုင်တာ အကုန်လုပ်ဆောင်သွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fight Mag

Trs : AZL

# ပီဂူလာက Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ထပ်မံဆွတ်ခူး

ချာလက်စတန် ဧပြီ ၆

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ် ချာလက်စတန်မြို့တွင် ကျင်းပခဲ့သည့် Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် ယူကရိန်းတင်းနစ်မယ် စတာရိုဒက်စီဗာတို့ ယှဉ်ပြိုင်ခဲ့ရာ ပီဂူလာက (၆-၂၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပီဂူလာအနေဖြင့် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်ပြီး Credit One Charleston Open တင်းနစ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်သည့် ပထမဆုံးသော ကစားသမားအဖြစ်လည်းမှတ်တမ်းဝင်ခဲ့သည်။

ပီဂူလာက "ရက်သတ္တပတ်လုံး ကျွန်မကို တောက်လျှောက် အားပေးလာခဲ့ကြတဲ့ ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီနှစ် Credit One Charleston Open တင်းနစ်ပြိုင်ပွဲကတော့ ကျွန်မအတွက် ထူးခြားပါတယ်။ အဆင့်တိုင်းမှာ ပွဲငယ်သုံးပွဲဆက်တိုက်ကစားခဲ့ရပြီးမှ အနိုင်ရခဲ့တာပါ။ ဗိုလ်လုပွဲစဉ်မှာတော့ နှစ်ပွဲပြတ်ရလဒ်နဲ့အနိုင်ရခဲ့တာပါ။ ပြိုင်ပွဲမှာ မှတ်တမ်းကောင်းတစ်ရပ် စိုက်ထူနိုင်ခဲ့လို့လဲ ဝမ်းသာဂုဏ်ယူပါတယ်။ နောက်ထပ် အခုလို မှတ်တမ်းကောင်းတွေ ရရှိအောင်လဲ ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL



# အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် မန်စီးတီးနှင့်ဆောက်သမ်တန်၊ ချဲလ်ဆီးနှင့် လိဒ်အသင်းတို့ထိပ်တိုက်တွေ့ဆုံ

လန်ဒန် ဧပြီ ၆

ယခုနှစ် ဘောလုံးရာသီ အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များအပြီး ဆီမီးဖိုင်နယ်အဆင့်အတွက် မဲခွဲမှုလုပ်ဆောင်ခဲ့ရာ မန်စီးတီးအသင်းနှင့် ဆောက်သမ်တန်အသင်း၊ ချဲလ်ဆီးအသင်းနှင့် လိဒ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ကြကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အက်ဖ်အေဖလား ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင် မန်စီးတီးအသင်းက လီဗာပူးအသင်းကို လေးဂိုး ဂိုးမရှိ၊ ဆောက်သမ်တန်အသင်းက အာဆင်နယ်အသင်းကို နှစ်ဂိုး တစ်ဂိုး၊ ချဲလ်ဆီးအသင်းက ပေါ့ဗယ်လီအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် အသီးသီးအနိုင်ရခဲ့ကြပြီး ဝက်စ်ဟမ်းအသင်းနှင့် လိဒ်အသင်းတို့ပွဲစဉ်တွင် ပွဲချိန်အတွင်း နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်နေသည့်အတွက် ပင်နယ်တီအဆုံးအဖြတ်ကစားခဲ့ရာ လိဒ်အသင်းက လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အက်ဖ်အေဖလား ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်မတိုင်မီ သက်ဆိုင်ရာ ကလပ်အသင်းများ အနေဖြင့် အိမ်ကွင်း၊ အဝေးကွင်းတွင်ကစားခဲ့ကြသော်လည်း ဆီမီးဖိုင်နယ်အဆင့်မှစတင်ပြီး ဝင်ဘာလေအားကစားကွင်းတွင် ကစားကြရမည်ဖြစ်သည်။

အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဧပြီ ၂၅ ရက်တွင် ချဲလ်ဆီးအသင်းနှင့်လိဒ်အသင်း၊ ဧပြီ ၂၆ရက်တွင် မန်စီးတီးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ရီးရဲလ်မက်ဒရစ်အသင်းက ကာမာဗင်ဂါကို ယခုနှစ်နွေရာသီအပြောင်းအရွှေ့တွင် ရောင်းချမည်

မက်ဒရစ် ဧပြီ ၆

ရီးရဲလ်မက်ဒရစ် အသင်းက ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့် ကွင်းလယ်ကစားသမား ကာမာဗင်ဂါကို ယခုနှစ် နွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် ရောင်းချမည်ဖြစ်ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ကာမာဗင်ဂါသည် ပြီးခဲ့သည့် ဧပြီ ၄ ရက်က မာယော့ကာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ပိုင်းတွင် ပါဝင်ခွင့်ရခဲ့သော်လည်း ၎င်း၏ အမှားမှတစ်ဆင့် မာယော့ကာအသင်းကို ဦးဆောင်ဂိုး ခွင့်ပြုခဲ့ရပြီးနောက် နည်းပြ အာဘီလိုအာ အပါအဝင်အသင်းတာဝန်ရှိသူများက ကစားသမား၏ စွမ်းဆောင်ရည်အပေါ် နှစ်သက်ခြင်းမရှိတော့ဘဲ ယခုနှစ် နွေရာသီ ကစားသမားအရောင်းစာရင်းတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

ကာမာဗင်ဂါသည် ၂၀၂၁ ခုနှစ်က ပြင်သစ်ကလပ် ရင်းနက်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၁၅ ပွဲတွင် သွင်းဂိုး ခြောက်ဂိုးသာ သွင်းယူထားသကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသဖြင့် ရီးရဲလ်မက်ဒရစ်အသင်းက ယခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် ရောင်းချမည်ဖြစ်ကြောင်း သိရသည်၊

Ref : Goal.com

Trs : ML

# ဂျေဂျေစပေါင်းက Valero Texas Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူး

တက္ကဆက် ဧပြီ ၆

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဆန်အန်တိုနီယိုမြို့တွင် ကျင်းပခဲ့သည့် Valero Texas Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျေဂျေစပေါင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမား မစ်ချဲလ်ကင်မ်၊ အင်္ဂလန် ဂေါက်သီးရိုက်ကစားသမားဝေါလေ့စ်၊ စကော့တလန် ဂေါက်သီးရိုက် ကစားသမား မက်အင်တိုင်ရီတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြပြီး အမေရိကန် ဂေါက်သီးရိုက် ကစားသမား ပွတ်နမ်နှင့် ဆွီဒင်ဂေါက်သီးရိုက်ကစားသမား လက်ဗစ်အဘက်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

တတိယနေ့ထိ စွမ်းဆောင်ရည်ကောင်းများ ပြသနိုင်ခဲ့သည့် မက်အင်တိုင်ရီသည် နောက်ဆုံးနေ့တွင် ပုံစံကောင်းပျောက်ဆုံးကာ ချန်ပီယံဖြစ်မည့် အခွင့်အရေးဖြင့် လွဲချော်ခဲ့သည်။



ဂျေဂျေစပေါင်းက "ကျွန်တော့်ရဲ့ နည်းဗျူဟာကတော့ ရိုးရှင်းပါတယ်။ ဒါပေမဲ့ နောက်ဆုံးနေ့မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ကတော့ ကိုယ့်ကိုယ်ကိုယ်တောင်မယုံနိုင်အောင် ဖြစ်ရပါတယ်။ အထူးသဖြင့် Swing ရိုက်ချက်တွေ သိပ်ကို အားရကျေနပ်စရာကောင်းခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာတော့ ကျွန်တော်အကောင်းဆုံး လုပ်ပြနိုင်ခဲ့ပါတယ်။ နောက်ဆုံးနေ့မှာ တော့လုံးဝကို ထင်မှတ်မထားတဲ့ ပုံစံနဲ့ ကစားနိုင်ခဲ့ပါတယ်။ နောက်ထပ်ကျင်းပမဲ့ ပြိုင်ပွဲတွေမှာ လဲအခုလိုပဲ ယှဉ်ပြိုင်ကစားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်နှင့် ရေတပ်တို့ပူးပေါင်း၍ အသံထက်မြန်သော ဒုံးကျည်တစ်စင်း အောင်မြင်စွာပစ်လွှတ်စမ်းသပ်



အမေရိကန်ကြည်းတပ်နှင့် ရေတပ်တို့သည် အသံထက်မြန်သော ဒုံးကျည်တစ်စင်းကို ဖလော်ရီဒါပြည်နယ်ရှိ Cape Canaveral အာကာသတပ်ဖွဲ့စခန်းမှ အောင်မြင်စွာ ပစ်လွှတ်စမ်းသပ်ခဲ့ကြောင်း Defence Blog သတင်းဌာနက ဧပြီ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုကို အမေရိကန်ကြည်းတပ်၏ လက်နက်ဝယ်ယူရေးဆိုင်ရာအမှုဆောင်အဖွဲ့နှင့် ရေတပ်၏ မဟာဗျူဟာမြောက် စနစ်များအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြေပြင်အခြေစိုက်နှင့် ရေပြင်အခြေစိုက် ပလက်ဖောင်းနှစ်မျိုးစလုံးတွင် တူညီသော ဟိုက်ပါဆောနစ်လက်နက်ကို တပ်ဆင်အသုံးပြုနိုင်ရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

စမ်းသပ်မှုအတွင်း တွေ့မြင်ရသော ဒုံးကျည်ပုံစံမှာ အမေရိကန်ကြည်းတပ်၏ "Dark Eagle"ဟု လူသိများသည့် တာဝေးပစ်ဟိုက်ပါဆောနစ်လက်နက်နှင့်ဆင်တူသည်။ အဆိုပါ လက်နက်စနစ်သည် အမေရိကန်ကြည်းတပ်တွင် အသုံးပြုပါက သီးသန့်ပစ်လွှတ်ရေး ကိရိယာများနှင့်အတူ ရေတပ်နှင့်ပူးပေါင်းထုတ်လုပ်ထားသော All-Up-Round ဒုံးကျည်ရှစ်စင်းကို ပေါင်းစပ်အသုံးပြုရမည့် မဟာဗျူဟာမြောက် ပစ်ခတ်မှုစနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

အမေရိကန်ကြည်းတပ်၏ မြေပြင်အခြေစိုက်စနစ်တွင် ဒုံးကျည်တပ်ခွဲ စစ်ဆင်ရေးဗဟိုဌာန၊ စစ်ဆင်ရေးအထောက်အကူပြုယာဉ်နှင့် ဒုံးပစ်လောင်ချာတင်ယာဉ်လေးစီးတို့ ပါဝင်သည်။ အဆိုပါအစိတ်အပိုင်းများ ပေါင်းစပ်လိုက်သောအခါ Dark Eagle အတွက် မြေပြင်အခြေစိုက် ဒုံးပစ်တပ်ခွဲတစ်ခုဖြစ်လာပြီး ကြည်းတပ်အနေဖြင့် ဝေးလံသောပစ်မှတ်များကို တိကျစွာ ပစ်ခတ်နိုင်သည့် ရွေ့လျားစစ်ဆင်ရေးပလက်ဖောင်းတစ်ခုကို ပိုင်ဆိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ဒုံးကျည်ကိုယ်ထည်ပိုင်းတွင် Common Hypersonic Glide Body (CHGB) ကို အသုံးပြုထားပြီး ၎င်းကို အမေရိကန်ရေတပ်က ထုတ်လုပ်သည့်အဆင့်နှစ်ဆင့်ပါ ဒုံးပျံတွန်းကန်အားစနစ်နှင့် တွဲဖက်ထားသည်။ ပစ်လွှတ်ပြီးနောက် အဆိုပါ တွန်းကန်အားစနစ်က ဒုံးကျည်ကို အသံထက်မြန်သောအရှိန်နှင့် လိုအပ်သောအမြင့်ပေသို့ ရောက်ရှိအောင် တွန်းတင်ပေးပြီးနောက် လမ်းခွဲထွက်မည်ဖြစ်သည်။ ထို့နောက် ဒုံးကျည်ကိုယ်ထည်သည် အသံထက်ငါးဆကျော်မြန်သောအရှိန်ဖြင့် ရန်သူ့ပစ်မှတ်ဆီသို့ လမ်းကြောင်း ပြောင်းလဲပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဒုံးကျည်ကို အမေရိကန်ရေတပ်၏ Conventional Prompt Strike(CPS) အစီအစဉ်အောက်တွင် ဆက်လက် အသုံးပြုမည်ဖြစ်သည်။ ရေတပ်အနေဖြင့် တူညီသောဒုံးကျည်စနစ်များကို Zumwalt-class ဖျက်သင်္ဘောများနှင့် Virginia-class တိုက်ခိုက်ရေး ရေငုပ်သင်္ဘောများတွင် တပ်ဆင်ရန် ပေါင်းစပ်ညှိနှိုင်းလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မြေပြင်မှသာမက ရေပြင်ထက်ရှိ စစ်ရေယာဉ်များနှင့် ရေအောက်ရှိ ရေငုပ်သင်္ဘောများမှပါ အသံထက်မြန်သော တိုက်ခိုက်မှုစွမ်းရည်ကို တစ်ပြေးညီရရှိလာစေမည်ဖြစ်သည်။ တပ်ဖွဲ့နှစ်ရပ်စလုံး၌ တူညီသော ဒုံးကျည်စနစ်တစ်ခုတည်းကို အသုံးပြုခြင်းသည် ဤစီမံကိန်း၏ဗဟိုချက်မပင်ဖြစ်ကြောင်း သိရသည်။

**U.S. Army and Navy test common hypersonic weapon ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်နိုင်ငံက ဒရုန်းခြိမ်းခြောက်မှုကို ကာကွယ်ရန် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ကူဝိတ်၌ တပ်ဖြန့်

ဗြိတိန်နိုင်ငံသည် ဒရုန်းခြိမ်းခြောက်မှုကို ကာကွယ်ရန် Rapid Sentry လေကြောင်းရန် ကာကွယ်ရေးစနစ်ကို ကူဝိတ်နိုင်ငံ၌ တပ်ဖြန့်လိုက်ကြောင်း Army Recognition သတင်းဌာနက ဧပြီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤတပ်ဖြန့်မှုသည် ပုံမှန်တပ်ဖွဲ့ဝင်ချင်း ကာကွယ်စောင့်ရှောက်သည့်အစီအစဉ်ထက် ပိုမိုလေးနက်ပြီး တိုက်ပွဲဝင်စွမ်းဆောင်ရည်သက်သေပြပြီးသား ဗြိတိန်၏ဒရုန်းဖျက်နည်းပညာကို ဒေသတွင်း လေကြောင်းရန်ခြိမ်းခြောက်မှုအများဆုံး ရှိနေသောနေရာတစ်ခုသို့ တိုက်ရိုက်ပို့ဆောင်လိုက်ခြင်းပင် ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ အလျင်အမြန် တပ်ဖြန့်ရခြင်း၏အကြောင်းရင်းမှာ ကူဝိတ်နိုင်ငံသည် အီရန်၏ဒုံးကျည်များနှင့် ဒရုန်းတိုက်ခိုက်မှုများ၏ စစ်တလင်းတစ်ခုဖြစ်လာခဲ့ပြီး အဆိုပါ တိုက်ခိုက်မှုများသည် ယခင်ကကဲ့သို့ ခြိမ်းခြောက်ရုံမျှမဟုတ်တော့ဘဲ ဒေသတွင်း စွမ်းအင်အခြေခံအဆောက်အအုံများ၊ မဟာမိတ်တပ်ဖွဲ့များ၏ အခြေစိုက်စခန်းများနှင့် ဟော်မုဇ်ရေလက်ကြား တစ်ဝိုက်ရှိ လုံခြုံရေးအခင်းအကျင်းများကိုပါ တိုက်ရိုက်ထိပါးလာသောကြောင့်ဖြစ်သည်။

ဤခြေလှမ်းသည် စစ်ပွဲပိုမိုကျယ်ပြန့်မလာစေရန် ထိန်းသိမ်းရင်း ဗြိတိန်နှင့် ကူဝိတ်တို့၏ အကျိုးစီးပွားနှင့် တပ်ဖွဲ့ဝင်များကို ကာကွယ်ရန်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် Keir Starmer က ပြောကြားခဲ့သည်။ ယခုတပ်ဖြန့်မှုမှာ အင်အားကြီးမားသော စစ်ကူတပ်ဖွဲ့များ စေလွှတ်ခြင်းမျိုးမဟုတ်ဘဲ ပါရှန်းကွေ့တစ်ခွင်တွင် ပျံ့နှံ့နေသည့် ဒရုန်းများကို တိကျစွာနှိမ်နင်းနိုင်မည့် ရွေ့လျားတာတိုပစ်လေကြောင်းရန်ကာကွယ်ရေးလက်နက်တစ်ခုကို အချက်အချာကျကျ ထည့်သွင်းလိုက်ခြင်းသာဖြစ်သည်။

Rapid Sentry လေကြောင်းရန် ကာကွယ်ရေးစနစ်၏ ထူးခြားချက်မှာ ၎င်းကို ဒရုန်းစစ်ပွဲများအတွက် စမ်းသပ်ဆဲအဆင့် တုံ့ပြန်မှုတစ်ခုအဖြစ် တင်ပြခြင်းမဟုတ်ဘဲ လက်တွေ့အသုံးချနိုင်မှုအပေါ် အခြေခံထားခြင်းဖြစ်သည်။ ဤစနစ်ကို ကြိုတင်သတိပေး အာရုံခံကိရိယာများ၊ အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များနှင့်တိုက်ရိုက်ဖျက်ဆီးရေး ကြားဖြတ်လက်နက်များ ပေါင်းစပ်ထားသော ကာကွယ်ရေးကွန်ရက်အတွင်း ထည့်သွင်းအသုံးပြုခဲ့ပြီးဖြစ်သည်။

ဤစနစ်သည် အီရန်၏ဒရုန်းတိုက်ခိုက်မှုများကို လက်တွေ့ရင်ဆိုင်ရာ၌ တိုက်ပွဲဝင် စွမ်းဆောင်ရည်သက်သေပြနိုင်ခဲ့ပြီး ရန်သူ့ပစ်မှတ်များသည် ရှာဖွေထောက်လှမ်းမှုနှင့် နှောင့်ယှက်မှုများကို ကျော်ဖြတ်လာနိုင်ခဲ့လျှင်ပင် နောက်ဆုံးအဆင့်တွင် အပြတ်အသတ် ချေမှုန်းနိုင်သည့် ထိရောက်သော အကာအကွယ်




အလွှာအဖြစ် ပေါ်ထွက်လာခဲ့သည်။ လက်ရှိ ခြိမ်းခြောက်မှုများပြားနေသော ပတ်ဝန်းကျင်တွင် စာအုပ်ပေါ်ရှိ နည်းပညာအသေးစိတ် အချက်အလက်များထက် စစ်မြေပြင်တွင် ပစ်မှတ်အစစ်အမှန်များကို ဖိအားများကြား အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့သည့် လက်နက်စနစ်များကသာ ပိုမိုယုံကြည်စိတ်ချရကြောင်း ဤဖြစ်ရပ်က သက်သေထူနေသည်။

ကူဝိတ်နိုင်ငံ၌ Rapid Sentry လေကြောင်းရန် ကာကွယ်ရေးစနစ် တပ်ဖြန့်ခြင်းသည် အီရန်၏ ဒရုန်းတိုက်ခိုက်ခံရမှုအပြီးတွင် ပြသသည့် ရိုးရိုးသားသား မဟာမိတ်ချင်း စာနာရိုင်းပင်းမှုထက် များစွာပိုမိုလေးနက်သည်။ ၎င်းသည် ဗြိတိန်နိုင်ငံအနေဖြင့် မကြာသေးမီက ရရှိခဲ့သော စစ်မြေပြင် အတွေ့အကြုံများကို ဒေသတွင်း စစ်ရေးပြင်ဆင်မှုများအဖြစ်သို့ လက်တွေ့ပြောင်းလဲကျင့်သုံးနေခြင်းဖြစ်ပြီး မဟာဗျူဟာမြောက်အရေးပါကာ ခြိမ်းခြောက်မှုများနှင့် တိုက်ရိုက်ရင်ဆိုင်နေရသော နေရာများတွင် စွမ်းဆောင်ရည်ထက်မြက်သည့် ဒရုန်းတန်ပြန်တိုက်ဖျက်ရေးစနစ်များကို အကွက်ကျကျတပ်ဖြန့်ချထားလာခြင်းဖြစ်ကြောင်း သိရသည်။

**UK Deploys Combat-Proven Rapid Sentry Air Defence System to Kuwait to Counter Drone Threats in the Gulf. ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

မောရဝတီ

# ကုန်ထုတ်လုပ်မှုအားပေးဖို့ ပျားအုံတိုးချဲ့မွေးမြူစို့

မြန်မာနိုင်ငံတွင် ခေတ်မီပျားမွေးမြူရေးလုပ်ငန်းကို ၁၉၇၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ပျားမွေးမြူရေးစီမံကိန်းဌာနအဖြစ် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၃ ထိလည်းကောင်း၊ ပျားမွေးမြူရေးဌာနအဖြစ် ၁၉၈၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိလည်းကောင်း၊ ပျားလုပ်ငန်းဦးစီးဌာနအဖြစ် ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်ထိလည်းကောင်း၊ ပျားလုပ်ငန်းဌာနအဖြစ် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ လည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှ ယနေ့ထိ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲအဖြစ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ရပ်တည်ဆောင်ရွက်လျက်ရှိပြီး ပျားအုံတိုးချဲ့မွေးမြူရေးလုပ်ငန်း၊ ပျားဘုရင်မမွေးမြူရေးလုပ်ငန်း၊ ပျားရည်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဝတ်မှုန်ကူးခြင်းလုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိသည်။

**ပျားအုံတိုးချဲ့မွေးမြူခြင်းလုပ်ငန်း**

၁၉၇၉ ခုနှစ်တွင် ဩစတြေးလျနိုင်ငံမှ ဝယ်ယူတင်သွင်းသော ပျားအုံ ၃၅ အုံနှင့် အမေရိကန်နိုင်ငံမှ ပေးပို့လှူဒါန်းသော ပျားအုံ ၃၆၀ စုစုပေါင်းပျားအုံ ၃၉၅ အုံဖြင့် စတင်ခဲ့သော မြန်မာနိုင်ငံ၏ ပျားမွေးမြူရေးလုပ်ငန်းသည် ယခုအခါ ဌာန၊ ပုဂ္ဂလိက ပျားအုံပေါင်း ၂၂၅၀၀၀ ကျော် မွေးမြူလျက်ရှိသည်။ ဌာနပိုင်ပျားအုံများအဖြစ် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပျားအုံ ၆၂၀၀ သာရှိခဲ့ရာမှ လက်ရှိ ပျားအုံပေါင်း ၁၁၁၆၀ မွေးမြူလျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ကုန်တွင် ဌာနပိုင်ပျားအုံ ၁၃၆၄၀ ထိ တိုးတက်လာစေရန် မွေးမြူဆောင်ရွက်လျက်ရှိသည်။

**ပြည်သူများ ပျားအုံမွေးမြူထုတ်လုပ်မှု**

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကမွေးမြူမှုအဖြစ် ၁၉၈၉ ခုနှစ်တွင် မွေးမြူသူတစ်ဦးလျှင် ပျားအုံ ၉၀ ဖြင့် စတင်ခွင့်ပြုခဲ့ရာ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် မွေးမြူသူ ၈၈၃ ဦးမှ ပျားအုံပေါင်း ၂၁၄၅၄၁ အုံကို မွေးမြူလျက်ရှိသည်။ ပျားရည်ထုတ်လုပ်မှုအဖြစ် တစ်နှစ်လျှင် မက်ထရစ်တန် ၅၀၀၀ ခန့် ထုတ်လုပ်ပြီး ပြည်ပပို့ကုန်အဖြစ် မက်ထရစ်တန် ၂၂၀၀ မှ ၃၅၀၀ ခန့်ထိ တင်ပို့လျက်ရှိရာ အမေရိကန်ဒေါ်လာ သုံးသန်းမှ လေးသန်းထိ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးလိုအပ်ပြီး ပျားမွေးမြူရေးလုပ်ငန်း တိုးချဲ့နိုင်စေရန်မှာလည်း မျိုးပျားအုံ၊ ပျားအိမ်(ပျားသေတ္တာ)၊ ပျားစာ၊ နည်းပညာတို့ လိုအပ်သည်။

**မျိုးပျားအုံ**

ပျားစတင်မွေးမြူရာတွင် မျိုးပျားဖြင့်မွေးမြူခြင်းနှင့် မျိုးပျားအုံဖြင့်မွေးမြူခြင်းဟူ၍ရှိရာ မြန်မာနိုင်ငံတွင်မူ မျိုးပျားအုံ(ပျားသလက် သုံးခုပါ)ဖြင့်သာ စတင်မွေးမြူလေ့ရှိသည်။ အဆိုပါ မျိုးပျားအုံများကို ဌာနမှနှစ်စဉ်ပျားအုံ ၂၄၈၀ မွေးမြူထုတ်လုပ်ပေးလျက်ရှိပြီး ဌာနတွင်းတိုးချဲ့မွေးမြူခြင်း၊ လုပ်ငန်းလိုင်စင်လျှောက်ထားရယူမွေးမြူလိုသူများသို့ ဌာနသတ်မှတ်



ဈေးဖြင့် ရောင်းချပေးခြင်း ဆောင်ရွက်လျက်ရှိသည်။ မျိုးပျားအုံ တစ်အုံတွင် မိတ်အောင်ပျားဘုရင်မတစ်ကောင်၊ လုပ်သားပျားကောင်ရေ ၆၀၀၀ ခန့်၊ ရုပ်ဖုံးသားလောင်းဘောင် တစ်ခု၊ ရုပ်ဖွင့်သားလောင်းဘောင်တစ်ခုနှင့် ဝတ်ရည်၊ ဝတ်မှုန်ပါသောအစာဘောင် တစ်ခုပါဝင်သည်။ မိတ်အောင်ပျားဘုရင်မများကို မြို့နယ်ဌာနပျားစခန်း ၃၁ ခုမှ နှစ်စဉ်ကောင်ရေ ၈၀၆၀၊ ဘုရင်မမွေးမြူရေးစခန်း (အောင်ပန်းနှင့် စဉ့်ကိုင်) နှစ်ခုမှ ကောင်ရေ ၈၀၀ မွေးမြူထုတ်လုပ်ဖြန့်ဖြူး အသုံးပြုလျက်ရှိသည်။ လက်ရှိမွေးမြူနေသော မိခင်မိတ်အောင် ပျားဘုရင်မများ၏ ဇာတိများမှာ အမေရိကန်၊ ဩစတြေးလျ၊ အစ္စရေးနိုင်ငံများမှ မှာယူတင်သွင်းထားခြင်းဖြစ်ပြီး

၂၀၂၄ ခုနှစ်ဇွန်လတွင် ဗီယက်နမ်မျိုး မိတ်အောင်ပျားဘုရင်မကောင်ရေ ၁၀၀ ကို နောက်ဆုံးရရှိမျိုးစပ်မွေးမြူလျက်ရှိသည်။

**ပျားအိမ်**

ပျားအိမ် သို့မဟုတ် ပျားသေတ္တာများကို ကျွန်းသစ်၊ အခြားသစ်သားတို့ဖြင့် အဓိကပြုလုပ်လေ့ရှိပြီး အထပ်သား၊ ဖော့တို့ဖြင့်လည်းပြုလုပ်အသုံးပြုနိုင်သည်။ ရေရှည်အသုံးပြုနိုင်မှုအရ ပျားအိမ်တန်ဖိုးများ ကွာခြားမှုရှိပြီး ဌာနနှင့်ချိတ်ဆက်မှာယူရရှိနိုင်သကဲ့သို့ ဌာနမှကျွမ်းကျင်ဝန်ထမ်းများ၏ အကူအညီရယူ၍လည်း ကိုယ်တိုင်ပြုလုပ် သုံးစွဲနိုင်သည်။

**ပျားစာ**

ပျားမွေးမြူရာတွင် ပျားစာအဆက်မပြတ်ရရှိရေးသည် အဓိကကျသည်။ ပျားစာအဆက်မပြတ်ရရှိခြင်းဖြင့် ပျားရည်နှင့်ပျားထွက်ပစ္စည်းများ စွမ်းအားပြည့်ထုတ်လုပ်လာနိုင်ခြင်း၊ ပျားဘုရင်မများ၏ ဥဥနှုန်းများ တည်တံ့ထိန်းထားနိုင်ခြင်း၊ ပျားရောဂါဒဏ်ခံနိုင်ခြင်းအကျိုးများရှိသည်။ ပျားစာဟူသည် ပျားတို့အတွက် လိုအပ်သောဝတ်ရည်နှင့်ဝတ်မှုန်တို့ဖြစ်သည်။ ဝတ်ရည်ကို စွမ်းအင်အတွက်လည်းကောင်း၊ ဝတ်မှုန်ကို အသားဓာတ်အတွက်လည်းကောင်း ပျားတို့စားသုံးကြသည်။ မြန်မာနိုင်ငံတွင် ဝတ်ရည်၊ ဝတ်မှုန် နှစ်မျိုးစလုံးရရှိသောပျားစာပင်များ (ဥပမာ- နေကြာ၊ နှမ်း၊ ပန်းနှမ်းစသည်)၊ ဝတ်ရည်တစ်မျိုးတည်းသာရသောပျားစာပင်များ (ဇီး၊ လိုင်ချီး၊ ရော်ဘာစသည်)နှင့် ဝတ်မှုန်တစ်မျိုးသာရသော ပျားစာပင်များ (ပြောင်း၊ ဗောက်ခွေး၊ ဆူးလေ၊ ဩရစ်ရှား စသည်) ပေါက်ရောက်စိုက်ပျိုးရရှိသည်။ ပျားစာအဆက်မပြတ်ရရှိစေရေးအတွက် ရာသီအလိုက်လှည့်လည်ရွှေ့ပြောင်းမွေးမြူနိုင်သည်။

**နည်းပညာ**

ပျားမွေးမြူရေးနည်းပညာကို အခြေခံအားဖြင့် သင်တန်းတက်ရောက်သင်ယူနိုင်ပြီး လက်တွေ့မွေးမြူကိုင်တွယ်ခြင်းဖြင့် ကျွမ်းကျင်မှုကိုရရှိအောင်မြင်စေသည်။ ဌာနမှပျားမွေးမြူရေး တိုးချဲ့ပညာပေးသင်တန်းများကို နှစ်စဉ် ၆၂ ကြိမ်ဖြင့် သင်တန်းသားဦးရေ ၁၂၄၀ ကို ပို့ချပေးလျက်ရှိပြီး အခြေခံ ပျားမွေးမြူရေးကျွမ်းကျင် ရှစ်ပတ်သင်တန်းကို သတ်မှတ်ပညာအရည်အချင်းဖြင့် ဌာနမှခေါ်ယူဖွင့်လှစ်ချိန်တွင် ဆက်သွယ်လျှောက်ထားတက်ရောက်နိုင်သည်။ လုပ်ငန်းလိုင်စင်လျှောက်ထားရယူပြီးသော ပုဂ္ဂလိကမွေးမြူသူများအတွက် ပျားအုံကိုင်တွယ်ထိန်းသိမ်းနည်း၊ ပျားဘုရင်မမွေးမြူထုတ်လုပ်နည်း၊ ပျားရောဂါကာကွယ်ကုသနည်းနှင့် ကောင်းမွန်သော ပျားမွေးမြူရေး ကျင့်စဉ်(GBP)သင်တန်းလေးမျိုးကို တစ်မျိုးလျှင် ဦးရေ ၆၂၀ ဖြင့် နှစ်စဉ် ဦးရေ ၂၄၈၀ လျာထားသတ်မှတ်ပို့ချပေးလျက်ရှိသည်။

**အကျိုးရလဒ်များ**

ပျားအုံများရာသီအလိုက်ရွှေ့ပြောင်းမွေးမြူခြင်းဖြင့် တစ်နှစ်အတွင်း ပျားတစ်အုံမှ ရာသီသီးနှံစိုက်ခင်း ၁၂ ဧကကို ဝတ်မှုန်ကူးပေးနိုင်ပြီး သီးနှံအမျိုးအစားအလိုက် တစ်ဧကလျှင် တစ်တင်းမှ ငါးတင်းခန့်အထွက်နှုန်း တိုးတက်ရရှိနိုင်ခြင်း၊ ပျားရည် ၂၅ ပုလင်းနှင့်အထက်ရရှိခြင်းတို့အပြင် ပျားဖယောင်း၊ ပျားဝတ်မှုန်၊ ပျားသလက်ချပ်တိုးပွားမှုတို့လည်းရရှိသည်။ ထို့ပြင် ပျားတို့သည် သဘာဝပေါက်ပင်များ၊ သစ်ပင်များကိုလည်း ဝတ်မှုန်ကူးပေးနေသဖြင့် ပျားမွေးမြူခြင်းသည် ပျားများကိုထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်၍ ဂေဟစနစ်ကိုကာကွယ်ပေးသော ကုန်ထုတ်လုပ်မှုမွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ကျွန်းလှ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၇၃၂၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စားတော်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ကျွန်းလှမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားတော်ပဲ ၇၃၂၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စားတော်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စားတော်ပဲဟာ ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်တဲ့အတွက် စိုက်ပျိုးတဲ့ တောင်သူတွေ အဆင်ပြေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် စားတော်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။



စားတော်ပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# ဟန်နီကယ် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် HEY Play Application နှင့် HEY Play YouTube Channel တို့မှ ထုတ်လွှင့်သွားမည်




ရန်ကုန် ဧပြီ ၆

မုတ်သုံ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဟန်နီကယ် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် HEY Play Application နှင့် HEY Play YouTube Channel တို့မှ ဧပြီ ၁၁ ရက်တွင် ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟန်နီကယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ညာလက်တော်က ရေးသားထားကာ မင်းကိုစိုး(နတ်သံကွင်း)က ဇာတ်ညွှန်းရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)၊ တွဲဖက်ဒါရိုက်တာ အိ(အရုဏ်ဦး)တို့က မုတ်သုံရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ခေတ်လူငယ်စရိုက် ခေတ်လူငယ်အကြိုက် အချစ်ဟာသဇာတ်မြူးလေးပါ။ မပြုံးဘဲနဲ့ ဝါးလုံးကွဲရယ်ရမဲ့ ဇာတ်ကားလေးတစ်ကားပါ။ တိုင်ရွှန်၊ ထူးအောင်၊ မေမြင့်မိုရ်တို့ကို ပရိသတ်တွေ မမြင်ဖူးသေးတဲ့ ဇာတ်ရုပ်တွေနဲ့ ဒီဇာတ်ကားလေးမှာ မြင်ရမှာပါ။ HEY Play Application နဲ့ HEY Play YouTube Channel တို့မှာ တစ်ပိုင်းတည်းအပြီး ဇာတ်လမ်းအနေနဲ့ ဧပြီ ၁၁ ရက်မှာ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြ၍ သိရသည်။

အဆိုပါ ဟန်နီကယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်၊ ခင်လှိုင်၊ အောင်ရဲလင်း၊ ထူးအောင်၊ လင်းလင်း၊ မေမြင့်မိုရ်၊ ရွှေပုဏ္ဏမီကျော်၊ အိမ့်ကြာဖြူ၊ ဇာခြည်လွင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Channel K ရုပ်သံလိုင်းမှ Friend Universe Concert မြန်မာနှစ်သစ်ကူး သင်္ကြန်တေးသီချင်းများကို ဧပြီ ၁၃ ရက်မှ စတင်ထုတ်လွှင့်ပေးမည်ဖြစ်

ရန်ကုန် ဧပြီ ၆

Channel K ရုပ်သံလိုင်းမှ Friend Universe Concert မြန်မာနှစ်သစ်ကူး သင်္ကြန်တေးသီချင်းများကို ဧပြီ ၁၃ ရက်မှ စတင်ကာ ထုတ်လွှင့် ပေးသွားမည်ဖြစ်ကြောင်း အဆိုပါ Friend Universe Concert မြန်မာနှစ်သစ်ကူး သင်္ကြန်တေးသီချင်းများ ဖျော်ဖြေတင်ဆက်မှုတွင် ပါဝင်သီဆိုဖျော်ဖြေထားသည့် တေးသံရှင် အောင်ထက်ထံမှ သိရသည်။

Friend Universe Concert မြန်မာနှစ်သစ်ကူး သင်္ကြန်တေးသီချင်းများ သီဆိုဖျော်ဖြေတင်ဆက်မှုအစီအစဉ်တွင် တေးသံရှင် အောင်ထက်၊ ဖြိုးပြည့်စုံ၊ နီနီခင်ဇော်၊ မိစန္ဒီ၊ ဂျူဝယ်တို့ ပါဝင်သီဆို ဖျော်ဖြေတင်ဆက်ထားကြောင်း သိရသည်။



"Channel K ကနေ ဧပြီလရဲ့ အမိုက်စားအစီအစဉ် အနေနဲ့ ကျွန်တော်တို့ သူငယ်ချင်းတွေ ပါဝင်တဲ့ Friend Universe Concert မှာ မြန်မာ့နှစ်သစ်ကူး အချိန်အခါသမယ သင်္ကြန်တေးသီချင်းလေးတွေကို Channel K ရုပ်သံလိုင်းကနေ ဧပြီ ၁၃ ရက်ကနေ ဧပြီ ၁၆ ရက်ထိ ည ၇ နာရီအချိန်တိုင်းမှာ ထုတ်လွှင့်မှာဖြစ်တာကြောင့် Friend Universe Concert ကို စောင့်မျှော်ကြည့်ရှုအားပေးကြပါအုံး"ဟု တေးသံရှင် အောင်ထက်က ပြောပြသည်။

Friend Universe Concert မြန်မာနှစ်သစ်ကူး သင်္ကြန်တေးဂီတဖျော်ဖြေပွဲတွင် ယိမ်းသမလေးများ၏ သင်္ကြန်အကအလှများကိုလည်း ခံစားနားဆင်ရမည်ဖြစ်ကြောင်း သိရသည်။ ASH

# The Beginning အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် ပန်းချီဆရာများ၏ လက်တွေ့ရေးဆွဲပြသမှုကို အနီးကပ်ကြည့်ရှုနိုင်ရန် ခင်းကျင်းပြသလျက်ရှိ

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ The Art Bridge Art Gallery တွင် ပြုလုပ်နေသည့် The Beginning အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် ပန်းချီဆရာများ၏ လက်တွေ့ရေးဆွဲပြသမှု (Live Paintingရေးဆွဲမှု)ကို အနီးကပ်ကြည့်ရှုနိုင်ရန် ဧပြီ ၅ ရက်မှ စတင်ကာ ခင်းကျင်းပြသလျက်ရှိကြောင်း အဆိုပါ The Beginning အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် ပါဝင်ပြသထားသည့် ပန်းချီဆရာ Ogre ထံမှ သိရသည်။

အဆိုပါ The Beginning အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် ပန်းချီဆရာ ၃၈ ဦး၏ ရေဆေး၊ ဆီဆေး၊ Acrylics စတဲ့ Medium ပေါင်းစုံဖြင့် ဖန်တီးထားသည့် လက်ရာမြောက်သည့် ပန်းချီကားအရေအတွက် ၁၀၀ ကို ဧပြီ ၅ ရက်မှ စတင်ကာ ဧပြီ ၈ ရက်ထိ ခင်းကျင်းပြသမည်ဖြစ်သည်။

"ဒီပြပွဲမှာ ပန်းချီကားအကြီးတစ်ကားကို ပါဝင်ပြသထားပါတယ်။ ပန်းချီကားက ၅ ပေပတ်လည်ဖြစ်ပါတယ်။ ဒီပန်းချီကားကတော့ ပွဲဦးအပျိုတော်ပေါ့။ မြန်မာရိုးရာဟန်ရယ်၊ ခေတ်သစ်ဟန်နဲ့ ပုံဖော်ထားတာပါ"ဟု ပန်းချီဆရာ Ogre က ပြောပြသည်။

အဆိုပါ The Beginning အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် အထူးအစီအစဉ်အနေဖြင့် ပန်းချီအောင်သင်းဦး၏ Acrylics Painting လက်တွေ့ရေးဆွဲမှုကို လည်းကောင်း၊ ပန်းချီမြင့်ဦး၏ Watercolour Painting လက်တွေ့ရေးဆွဲမှုကို လည်းကောင်း၊ ပန်းချီ Ogre ၏ Emotional Abstract Painting လက်တွေ့ ရေးဆွဲမှုကိုလည်းကောင်း ပန်းချီချစ်သူများ လာရောက် လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။

၎င်းပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ ၂၄x ၂၄ လက်မ၊ ၃၆ x ၂၄ လက်မ၊ ၁၈ x ၂၄ လက်မ၊ ၁၈ x ၁၈ လက်မစသဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ် သိန်း ၅၀ ထိ ရှိကြောင်း သိရသည်။ ASH

# White Elephant ဇာတ်ကားတွင် နစ်ဂျိုးနက်နှင့် ကတ်သရင်းနယူတန်တို့ ပါဝင်မည်ဖြစ်

နယူးယောက် ဧပြီ ၆

MRC ရုပ်ရှင်ကုမ္ပဏီ၏ White Elephant အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားသစ်တွင် မင်းသား နစ်ဂျိုးနက်နှင့် မင်းသမီး ကတ်သရင်းနယူတန်တို့ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဧပြီ ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

White Elephant ဇာတ်ကားသည် ခရစ္စမတ် အားလပ်ရက်ကာလ လက်ဆောင်များ အပြန်အလှန်ဖလှယ်ပွဲ၌ သူငယ်ချင်းရှစ်ဦး ရင်ဆိုင်ရမည့် ထိတ်လန့်ဖွယ်အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ အီလီခရတ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

White Elephant ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာဂျေတီဘေးလင်းက တာဝန်ယူရေးသားပေးထားသည်။

White Elephant ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို ယခုလကုန်အတွင်းစတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

လက်ရှိအချိန်တွင် White Elephant ဇာတ်ကား ရုံတင်ပြသမည့်အချိန်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# Propeller One-Way Night Coach ကို ကန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသမည်

နယူးယောက် ဧပြီ ၆

မင်းသား ဂျွန်ထရာဗော်တာ ရိုက်ကူးထားသည့် Propeller One–Way Night Coach ဇာတ်ကားကို ယခုနှစ် ကန်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသမည် ဖြစ်ကြောင်း ဧပြီ ၅ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

Propeller One–Way Night Coach ဇာတ်ကားသည် မင်းသား ဂျွန်ထရာဗော်တာက ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးသည့် ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း မင်းသား ဂျွန်ထရာဗော်တာကပင် ရေးသားထားခြင်းဖြစ်ကြောင်း သိရသည်။

Propeller One–Way Night Coach ဇာတ်ကားကို ယခုနှစ် မေလအတွင်းကျင်းပမည့် ကန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဂျွန်ထရာဗော်တာ၊ ဂျေဆင်ဘာဂျာ၊ အေမီလက်စပတ်တို့ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Ambassador of the People's Republic of China to Myanmar pays courtesy call on President-elect Chairman of the State Security and Peace Commission of the Republic of Union of Myanmar Senior General Min Aung Hlaing

**Nay Pyi Taw April 6**

Ambassador of the People's Republic of China to Myanmar H.E. Ms. Ma Jia paid a courtesy call on President-elect Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing at the parlour of the National Defence and Security Council Office this afternoon.

During the call, the Senior General expressed his pleasure regarding the meeting with the Ambassador, who is the first diplomat to meet him following his election as President. Additionally, the Senior General thanked PRC President Mr. Xi Jinping for his congratulatory message, which was sent within an hour of his election. He also expressed his gratitude for China's support of Myanmar's political reforms as a good neighbor.



Ambassador of the People's Republic of China to Myanmar H.E. Ms. Ma Jia pays a courtesy call on President-elect Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing.

The Ambassador expressed her pleasure and honor regarding His Excellency Senior General Min Aung Hlaing's election as President. She thanked the Senior General for his efforts to improve relations between Myanmar and China, expressing her belief that Myanmar will become a peaceful, stable, and developed country under his leadership and that bilateral cooperation will continue to grow.

They then cordially discussed the promotion of diplomatic ties between the two countries and the further enhancement of cooperation across multiple sectors, including security. Their discussions also covered ensuring peace and stability in border areas, the reopening of trade routes, the resumption of bilateral trade, and China's cooperation and assistance in the ongoing rehabilitation of damages caused by the massive Mandalay earthquake.

The ambassador handed over the congratulatory message sent by PRC President Mr. Xi Jinping to President-elect Chairman of the State Security and Peace Commission Senior General Min Aung Hlaing.

Also present at the call together with the Senior General was Union Minister for Foreign Affairs U Than Swe. The PRC ambassador was accompanied by officials of the embassy.

100

From Page 14

**Warmest Congratulations**

We are greatly honored and delighted that the presidential election was successfully held on April 3, 2026, during the third day of the First Regular Session of the Third Union Parliament, resulting in the election of Senior General Min Aung Hlaing as President of the Republic of the Union of Myanmar, along with the Vice Presidents. We sincerely express our pride and extend our best wishes that, under the leadership of the President, and through the efforts of the Union Parliament and the Region/State Parliaments in serving the interests of the people, the country will achieve lasting Union peace, national unity among ethnic groups, economic growth, the development of agricultural production, and improved socio-economic conditions for farmers and the general public.

The Myanmar Rice Federation affirms its commitment to continuously cooperate with the Union Government, Region/State Governments, parliamentary committees, and representatives in advancing national interests and the development of the rice sector. With this shared vision, we warmly welcome and congratulate the new government.

**Myanmar Rice Federation**

**Message of Congratulations**

The Myanmar Archery Federation is deeply honored and delighted that Pyidaungsu Hluttaw has elected Senior General Min Aung Hlaing as the President of the Republic of the Union of Myanmar. We respectfully offer our best wishes for your physical and mental well-being and for your continued health and happiness as you carry out the duties of the State.

**Myanmar Archery Federation**

**Heartfelt congratulations sent by Myanmar Textile Manufacturers Association**

We heartily congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

We respectfully greet him by wishing him mental and physical well-being and pray that he will serve the duties of the State in peace of mind and physical health.

**Myanmar Textile Manufacturers Association**

**Message of Congratulations**

The Myanmar Hotelier Association (MHA) is deeply honored and delighted by the election of Senior General Min Aung Hlaing as the President of the Republic of the Union of Myanmar by Pyidaungsu Hluttaw. We extend our warmest welcome.

We offer our best wishes for your physical and mental well-being as you continue to work toward the development and interests of the people of Myanmar.

**Myanmar Hotelier Association**

# Heads of State/Government send congratulatory messages to Senior General Min Aung Hlaing on his election of President

**The following are congratulatory messages from Heads of State/Government sent to Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing on his election of President.**

## Press Release

His Majesty Preah Bat Samdech Preah Boromneath NORODOM SIHAMONI, King of the Kingdom of Cambodia sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

Mr President,

On the occasion of your election by the Union Parliament as President of the Republic of the Union of Myanmar, I am pleased to extend to Your Excellency my cordial congratulations and my sincere wishes for your success in guiding your nation toward peace, stability and prosperity.

The people of the Kingdom of Cambodia join me in expressing our deep appreciation for the long-standing friendship and cooperation between our two countries. I remain confident that these relations will continue to strengthen and expand, both bilaterally and within regional frameworks, including ASEAN, in support of dialogue, peace and development.

Please accept, Mr President, the assurances of my highest consideration.

**NORODOM SIHAMONI**
**KING of CAMBODIA**

## Press Release

H.E. Mr. Kassym-Jomart Tokayev, President of the Republic of Kazakhstan sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

Your Excellency,

I sincerely congratulate you on your election as President of the Republic of the Union of Myanmar.

I regard your clear victory in the election as the evidence of the broad support of all your fellow compatriots for your comprehensive policy aimed at ensuring political stability socio-economic prosperity of Myanmar, as well as strengthening its international reputation.

I wish you the successful implementation of your noble initiatives and large scale plans on the path of elevating the prestige of your State and making its future bright.

Taking into account the high potential of relations between Kazakhstan and Myanmar based on friendship and mutual trust, I reaffirm my readiness to unite efforts together for the development of cooperation in the trade-economic, investment and cultural-humanitarian areas.

Your Excellency, I wish success to your responsible service, and abundant prosperity and blessings to the friendly people of Myanmar.

With sincere intentions,

**Kassym-Jomart Tokayev**
**President of the Republic of Kazakhstan**

## Press Release

H.E Mr. Alexander Beglov, Governor of Saint Petersburg of the Russian Federation, sent a congratulatory message to H.E. Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

Your Excellency!

Congratulations on your election as President of the Republic of the Union of Myanmar!

We highly appreciate your approach to caring for the well-being of the people and your desire for the prosperity of the State.

St. Petersburg and Myanmar have enjoyed long-standing friendly relations based on mutual respect. Your contribution to their development deserves special recognition. Your efforts in cultural exchange, educational programs, and strengthening medical ties contribute to enriching the cultural heritage of both countries and improving the quality of life of their citizens.

I am confident that, under your leadership, cooperation between St. Petersburg and Myanmar will continue to be constructive. We are ready to implement new joint projects and expand cooperation between the regions.

I wish you health, inexhaustible energy and success in your important mission!

**A.D. Beglov**
**Governor of St. Petersburg**

## Press Release

Mr. Hiromichi Watanabe,a member of House of Representatives and Vice Chairman of Japan-Myanmar Parliamentary Friendship League sent a congratulatory message to His Excellency Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

Excellency,

I sincerely congratulate You on Your recent inauguration as the President of the Republic of the Union of Myanmar.

Japan and Myanmar are long-standing partners, and I hope to further strengthen our relationship for peace and development in Asia.

I wish Mr President and Myanmar people happiness and good health.

**Mr Hiromichi Watanabe, House of Representatives**
**Vice Chair, Japan-Myanmar Parliamentary Friendship League**

Mr. Fumio Usui, Chairman and Mr. Naohiko Takaku, Representative Director of Japan Myanmar Culture Industry Promotion Association sent a congratulatory message to His Excellency Senior General Min Aung Hlaing, President-elect and Chairman of the State Security and Peace Commission on the occasion of his election as President of the Republic of the Union of Myanmar.

Excellency,

We sincerely congratulate You on Your recent inauguration as the President of the Republic of the Union of Myanmar.

Japan and Myanmar are long-standing partners, and we hope to further strengthen ourrelationship for peace and development in Asia.

We wish Mr President and Myanmar people happiness and good health.

**Mr Fumio Usui, Chairman and Mr Naohiko Takaku, Representative Director of Japan Myanmar Culture Industry Promotion Association**

# Parties, associations and organizations release special contratulatory messages on election of Senior General Min Aung Hlaing as President

**Nay Pyi Taw April 6**

Senior General Min Aung Hlaing selected as Vice President by the group of the elected Pyithu Hluttaw representatives was elected as President by the Presidential Electoral College comprising all Pyidaungsu Hluttaw representatives at the presidential election on 3 April 2026. Therefore, the Lokha Chantha Abhaya Labha Muni Buddha Image (Kyauktawgyi Pagoda) board of trustees, the Myanmar MSME Cluster Footwear Manufacturers Federation (Central), the Myanmar Shaanxi General Chamber of Commerce, the Myanmar-Belarus Friendship and Cooperation Promotion Association, the Myanmar Traditional Medicine Practitioners' Association, the Myanmar Chinese Buddhist Monks Association, the Majjhima Lankara Samanera Kyaw Association, the Private Security Services Entrepreneurs Association, and the Dawei Ethnic Organizing Committee (Central), Myanmar Rice Federation, Myanmar Archery Federation, Myanmar Textile Manufacturers Association, Myanmar Hotelier Association issued the special congratulatory messages over the election of Senior General Min Aung Hlaing as President.

Their messages conveyed special pride and pleasure that Senior General Min Aung Hlaing was elected by the Pyidaungsu Hluttaw as President of the Republic of the Union of Myanmar. May he serve the country be peaceful, prosperous, and modernly developed. May he carry out his national duties for the benefit of the people in good health and well-being. May he faithfully serve the interests of religion, faith, and the nation. It is wished that under his leadership, may the Republic of the Union of Myanmar be more peaceful and prosperous. May the nation remain stable and secure and the people enjoy wealth and well-being, and the economy flourish, and may the country achieve comprehensive progress through new transformative changes.

**100**

**Special congratulations**

We take special pride in the election of Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing by the Pyidaungsu Hluttaw as the 11th President of the Republic of the Union of Myanmar.

We express our sincere hope that the President will lead efforts to build the Republic of the Union of Myanmar into a peaceful, prosperous, and modern country.

We convey our heartfelt wishes for him to enjoy good physical and mental well-being and to faithfully serve the interests of religion, faith, and the State in good health throughout his tenure as President of the Republic of the Union of Myanmar.

**The Board of Trustees**
**Lokha Chantha Abhaya Labha Muni Buddha Image (Kyauktawgyi Pagoda)**
**Yangon Region**

**Warmest Congratulations**

On the occasion of the election of Senior General Min Aung Hlaing as President of the Republic of the Union of Myanmar, the Myanmar Shaanxi General Chamber of Commerce respectfully extends its heartfelt congratulations and welcome.

We sincerely wish that President U Min Aung Hlaing continues to receive abundant blessings and successfully fulfills his aspirations. With sound strategic planning and effective governance, may he bring stability and peace to the nation, ensure prosperity for the people, and promote economic growth, leading the country toward positive transformation and a brighter future.

**Myanmar Shaanxi General Chamber of Commerce**

**Heartfelt congratulations**

We heartily congratulate Senior General Min Aung Hlaing, who had been selected as Vice-President by the elected Pyithu Hluttaw representatives, on his election as President by the Presidential Electoral College comprising all Pyidaungsu Hluttaw representatives at the presidential election on 3 April, 2026.

We respectfully greet the President by praying that Myanmar will be peaceful, prosperous and more developed under the President's leadership.

**Myanmar Traditional Medicine Practitioners Association**

**Heartfelt congratulations**

We heartily congratulate Senior General Min Aung Hlaing on his election as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw.

We are especially proud that Senior General Min Aung Hlaing, who was born of two Dawei parents, has become the first President of Dawei ethnic origin of the country.

We pray that Senior General Min Aung Hlaing will enjoy peace of mind and physical health and serve the duties of the State in mental and physical well-being.

We wish the Republic of the Union of Myanmar prosperity, modernity and development.

**Dawei Ethnic Organizing Committee (Central)**

**Message of Congratulations**

All committee members of the All Myanmar MSME Cluster Footwear Manufacturers Federation warmly welcome and heartedly congratulate Senior General Min Aung Hlaing on being elected as the President of the State by the people's representatives, who were overwhelmingly elected by the ethnic national citizens and people across the country.

**Myanmar MSME Cluster Footwear Manufacturers Federation (Central)**

**Special congratulations**

The Myanmar-Belarus Friendship and Cooperation Promotion Association takes special pride in the election of Senior General Min Aung Hlaing as President of the Republic of the Union of Myanmar by the Pyidaungsu Hluttaw and extends its best wishes for the Republic of the Union of Myanmar to be peaceful and further developed under the President's leadership.

**Myanmar-Belarus Friendship and Cooperation Promotion Association**

**Heartfelt Congratulations**

The "Chinese Buddhist Monks Association in Myanmar" expresses its great joy and pride over the election of Senior General Min Aung Hlaing as President of the Republic of the Union of Myanmar by the Union Parliament.

We respectfully send our best wishes that President Senior General Min Aung Hlaing be blessed with good mental well-being and physical health, and that he may energetically and successfully serve the interests of the nation, the people, and the Buddhist religion.

**Myanmar Chinese Buddhist Monks Association**

**Warmest Congratulations**

The "Majjhima Lankara Samanera Kyaw Association" expresses its great joy and pride over the election of Senior General Min Aung Hlaing as President of the Republic of the Union of Myanmar by the Union Parliament.

We respectfully offer our best wishes that he be blessed with good mental and physical health, and that he may diligently work for the benefit of the nation, the people, and the Buddhist religion with energy and dedication.

**Majjhima Lankara Samanera Kyaw Association**

**Sincere Congratulations**

The "Private Security Services Entrepreneurs Association" warmly congratulates the election of Senior General Min Aung Hlaing as President of the Republic of the Union of Myanmar by the Union Parliament.

We wish the President good health and happiness in both mind and body, and hope that he will successfully carry out his national responsibilities with strength and dedication.

**Private Security Services Entrepreneurs Association**

See Page 12

# Tatmadaw columns recapture Thaphanseik hydroelectric power plant and Intaing Village temporarily controlled by PDF terrorist insurgents,

# PDF terrorist insurgents flee in disarray after torching Thaphanseik hydroelectric power plant and Intaing Village

**Nay Pyi Taw April 6**

The government continues efforts to support regional stability, peace, and development by constructing roads, bridges, and irrigation dams, and by expanding electricity access to underserved areas. However, insurgent group known as PDF, linked to the NUG, have been destroying public infrastructure—including government buildings, roads, bridges, and irrigation facilities—and setting fire to civilian homes in an attempt to disrupt administrative mechanisms for their own interests.

Recently, PDF insurgents temporarily seized control of the Thaphanseik Reservoir and nearby villages in Kyunhla Township, Sagaing Region, carrying out destructive activities in the area.

In response, the Tatmadaw conducted coordinated operations to regain control of the dam and surrounding villages while minimizing damage. After conducting systematic regrouping programs, officers and other ranks of the columns launched the offensive operation through synchronized military maneuvers and firepower, with high morale, fighting spirit, determination, and perseverance, despite the restrictions. As a result, Tatmadaw columns captured the dam on 28 March and Intaing Village located about 5,000 meters west of the dam this afternoon. Weapons and ammunition were seized, and the insurgents reportedly retreated with significant losses.

During their withdrawal, insurgents set fire to the Thaphanseik hydroelectric power plant, damaging key power generation equipment. They also burned homes in Intaing Village, prompting security forces to respond by extinguishing fires and implementing necessary safety measures.

The insurgents had reportedly occupied the Thaphanseik Dam and hydropower plant since December 2025, during which important equipment was removed or destroyed. The dam is a critical water source for over 500,000 acres of farmland, while the hydropower plant contributes to the national electricity supply. Damage to the facility has affected both power transmission and regional development.

Although the insurgents claim to act for local welfare, the destruction of civilian infrastructure such as the power plant has disrupted development and livelihoods. Local residents have expressed strong protest and condemnation over the incident. Authorities have stated that efforts are underway, in coordination with relevant officials, to restore the damaged power plant as quickly as possible.**100**




The map shows the location of Thaphanseik Dam and hydropower plant and Intaing Village.



Victorious soldiers guarding the recaptured Thaphanseik Dam.



Arms and ammunition seized from PDF terrorist insurgents.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ရှေ့ဖုံးမှအဆက်**

မိမိအား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်းကြေညာပြီးနောက်ပိုင်း ပြည်ပနိုင်ငံသံတမန်များအနက် ပထမဆုံး လာရောက်တွေ့ဆုံသည့် သံအမတ်ကြီးဖြစ်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာရှီကျင့်ဖျင်အနေဖြင့် မိမိကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ပြီး နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအပေါ်တွင်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ အိမ်နီးနားချင်း မိတ်ဆွေကောင်းနိုင်ငံတစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအပေါ် ထောက်ခံမှုပြသခြင်းပင်ဖြစ်သည့်အတွက် ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက အဆွေတော်အား နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရမှုအပေါ် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်ခဲ့မှုများအပေါ်တွင်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်၏ စွမ်းဆောင်မှုများအောက်တွင် မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ လုံခြုံရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပြန်လည်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ အင်အားပြင်း မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအပေါ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် တရုတ်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ကပေးပို့သည့်ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လက်ရောက်ပေးအပ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်ပြီး မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။

(၅၀၁)

**ပြည်သူ့စစ်မှုထမ်းမှ**

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁)မှသင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၁)တွင် တက်ရောက်ခဲ့ရသည့်အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-





နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁)သင်တန်းဆင်းပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပစဉ်။







"ကျွန်တော်ကတော့ အခက်အခဲတွေတော့ အများကြီးရှိတာပေါ့။ကျွန်တော်အပြင်လူတစ်ယောက်အနေနဲ့ ဒီတပ်မတော်ထဲရောက်လာတယ်ဆိုတော့ ကျွန်တော်တို့အရပ်ဘက်နဲ့တော့ကွာတာပေါ့ဗျ။ စည်းကမ်းတော့ရှိလာတယ် ကျွန်တော်တို့အကုန်လုံးပေါ့ အစစအရာရာပြောင်းလဲလာတယ်ဗျ။ သင်ကြားပေးတဲ့ ဘာသာရပ်တွေကတော့ ကျွန်တော်တို့ စစ်နည်းဗျူဟာပိုင်း၊ လက်နက်ငယ်ပိုင်းပေါ့ အများကြီးပါပဲ။ ကျွန်တော်တို့ကို သင်ကြားပေးပါတယ်ဗျ။ ကျွန်တော် ယုံကြည်မှုရှိလာတယ်ဗျ။ ကျွန်တော်အရပ်သား ဘဝတုန်းကတော့ ပေါ့ပျက်ပျက်နေခဲ့တယ်ပေါ့ အခုတော့ စည်းကမ်းနဲ့နေတတ်လာပြီး အမိန့်လဲနာခံတတ်လာတယ်ဗျ။ စစ်သားကောင်းတစ်ယောက်ဖြစ်အောင် ကျွန်တော်နေထိုင်သွားမှာပါဗျ"ဟု ပြောသည်။

"ကျွန်တော်တို့အရပ်သားတုန်းကတော့ လူငယ်တွေဖြစ်တဲ့အတွက် တစ်ခါတလေ ပျက်စီးခဲ့တာတွေ၊ မလိုအပ်ဘဲပျက်စီးခဲ့တာတွေလဲရှိကောင်းရှိခဲ့ပါတယ်။ အများကြီးပဲ တော်တော်များများပြောင်းလဲလာကြပါတယ်။ အကုန်လုံးကကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရမယ့်အနေအထားမျိုးမှာ အကောင်းဆုံး ကြိုးစားသွားပါမယ်။ကျွန်တော်တို့ စစ်သားတွေဖြစ်တဲ့အတွက် ကျန်းမာကြံ့ခိုင်ရမယ်။ ကျွမ်းကျင်မှုရှိရမယ်။ ရဲစွမ်းသတ္တိရှိရမယ်။ ကိုယ့်ကိုယ်ကိုယ်အကောင်းဆုံးပြုပြင်ပြောင်းလဲလာရမယ်။ တပ်မတော်သားတစ်ယောက်ဖြစ်တဲ့အတွက် တစ်ဦးချင်းမဟုတ်တော့ဘဲ အဖွဲ့အစည်းအလိုက် အကောင်းဆုံးကြိုးစားသွားဖို့ တွေးထားပါတယ်"ဟု ပြောသည်။

"အတွေ့အကြုံတွေကတော့ နည်းနည်းတော့ ခက်ခဲကြမ်းတမ်းတာပေါ့။ ဒါပေမဲ့ သင်ကြားပေးတဲ့ပညာကတော့ စစ်နည်းဗျူဟာရယ်၊ လက်နက်ငယ်အပိုင်းရယ်၊ ကြံ့ခိုင်ရေးရယ်၊ စစ်ရေးပြကျွမ်းကျင်မှုရယ် သင်ကြားပေးခဲ့ပါတယ်။ ကျွန်တော်အခုကျရောက်တဲ့ မိခင်တပ်ရင်းကိုအထက်ကပေးတဲ့ အမိန့်အတိုင်း တစ်သဝေမတိမ်းလိုက်နာပြီးတော့ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်သွားပါမယ်။ ယောကျ်ားတိုင်းကတော့ ဒီစစ်မှုထမ်းကို ထမ်းဆောင်ရမှာပေါ့။ ကျွန်တော်ကတော့ တစ်ထောင့်တစ်နေရာကနေ နိုင်ငံတော်အတွက် အကျိုးရှိစွာအသုံးချသွားပါမယ်လို့ ကျွန်တော်ပြောချင်ပါတယ်"ဟု ပြောသည်။

(၅၀၁)

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးစဉ်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ကြောင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးစဉ်။

**နေပြည်တော် ဧပြီ ၆**

တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၈၅ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေး၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်တင်မြင့် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့်ဖွဲ့စည်းရန် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီအဖွဲ့ဝင်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးရေ သတ်မှတ်နိုင်ရေးနှင့် ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ဦးသာဌေးကို ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြထားကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဦးရေနှင့် ပြည်ထောင်စုတရားသူကြီးချုပ်အမည်စာရင်းနှင့် စပ်လျဉ်း၍ ခန့်အပ်ရန်သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်းအဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ၂၀၀၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းနိုင်ရေးလွှတ်တော်၏ သဘောတူညီချက် ရယူနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြထားကြောင်းပြောကြားပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ၏ အမည်စာရင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ခန့်အပ်ရန် သဘောတူကြောင်းကြေညာခြင်းနှင့် ကန့်ကွက်လိုသူရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းကို ဧပြီ ၇ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်ကို ၃၁ ဌာနဖြင့်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဦးရေကို ၃၀ ဖြင့်လည်းကောင်းသတ်မှတ်နိုင်ရေး ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်းနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာန၏ အမည်စာရင်းကို လွှတ်တော်သို့ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်၊ အမည်စာရင်းနှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်စာရင်းတင်ပြချက်နှင့်စပ်လျဉ်း၍ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက ဆွေးနွေးခြင်းကို ဧပြီ ၇ ရက်တွင်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ထိုသို့ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသူအဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူအဖွဲ့ဝင် သုံးဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူ အဖွဲ့ဝင် သုံးဦး စုစုပေါင်းအဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းနှင့် ယင်းအဖွဲ့မှ ခုံရုံးဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့တင်ပြထားကြောင်းပြောကြားပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင်ကိုးဦး၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင် ကိုးဦးအနက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသူ ဦးအောင်ဇော်သိန်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်သို့တင်ပြထားကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြထားသည့် ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အမည်စာရင်းတို့နှင့်စပ်လျဉ်း၍ ခန့်အပ်ရန်သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါကကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသူက ၂၀၀၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေတို့နှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ဒေါက်တာသီတာဦးကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေတို့နှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ဒေါ်နိုင်သက်ဦးကိုလည်းကောင်း ခန့်အပ်တာဝန်ပေးသင့်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကထံသို့ တင်ပြထားကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ခန့်အပ်တာဝန်ပေးအပ်ရန် သဘောတူကြောင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက ကန့်ကွက်လိုကြောင်း အဆိုတင်သွင်းခြင်းတို့ကို ဧပြီ ၉ ရက်တွင်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေး တတိယနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေးစတုတ္ထနေ့ကို ဧပြီ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း၊ အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် ဧပြီ ၆

၂၀၂၆ ခုနှစ် ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရှန်ရှီးကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာ-ဘယ်လာရုစ် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာပြည်တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့၊ မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်း၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ ထားဝယ်လူမျိုးစုစည်းမှုကော်မတီ (ဗဟို)တို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ပြည်သူများ၏ အကျိုးအတွက် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း၊ ဘာသာအကျိုး၊ သာသနာအကျိုး၊ နိုင်ငံအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း၊ သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းစေပြီး ပြည်သူအများ ချမ်းသာကြွယ်ဝကာ နိုင်ငံ့စီးပွားထွန်းကားလျက် အခြေအနေသစ်များနှင့် အသစ်သောအသွင်ကူးပြောင်းမှုများဖြင့် ကောင်းမွန်ပြည့်စုံပါစေကြောင်း စသည်ဖြင့်ပါရှိကြောင်း သိရှိရသည်။ (၅၀၁)

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁) ဦးမြောက် သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါသည်။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်အောင် ဆောင်ရွက်နိုင်ပါစေကြောင်း လေးစားစွာဖြင့် ဆန္ဒပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတတာဝန်များကို စတင်ထမ်းဆောင်ခဲ့သည့်အချိန်မှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံပြီး ဘာသာအကျိုး၊ သာသနာအကျိုး၊ နိုင်ငံအကျိုးကို ကျန်းမာရွှင်လန်းစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး
(ကျောက်တော်ကြီးဘုရား) ရန်ကုန်တိုင်းဒေသကြီး

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတကြီးအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရွေးချယ်တင်မြှောက်လိုက်သည့်အတွက် မြန်မာနိုင်ငံဆိုင်ရာ ရှန်ရှီးကုန်သည်ကြီးများအသင်းချုပ်က လေးစားစွာဖြင့် ဂုဏ်ပြုကြိုဆိုပါသည်။

နိုင်ငံတော်သမ္မတကြီး ကောင်းချီးမင်္ဂလာအဆက်ဆက်ရရှိပြီး ကြီးကျယ်ခမ်းနားသော ရည်မှန်းချက်များ အစဉ်တည်တံ့ပါစေကြောင်း၊ ကောင်းမွန်သောမဟာဗျူဟာရေးဆွဲမှုနှင့် အဆက်မပြတ်အကောင်အထည်ဖော်နိုင်သော အုပ်ချုပ်ရေးစွမ်းအားဖြင့် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းစေပြီး ပြည်သူအများချမ်းသာကြွယ်ဝကာ နိုင်ငံ့စီးပွားထွန်းကားလျက် အခြေအနေသစ်များနှင့် အသစ်သောအသွင်ကူးပြောင်းမှုများဖြင့် ကောင်းမွန်ပြည့်စုံပါစေကြောင်း ရိုသေစွာဂုဏ်ပြုလိုက်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာရှန်ရှီးကုန်သည်ကြီးများအသင်းချုပ်
Myanmar Shaanxi Chamber of Commerce

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသား နိုင်ငံသားပြည်သူများမှ တစ်ခဲနက် ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူ့ကိုယ်စား ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခံရမှုကို မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster ဖိနပ်လုပ်ငန်းရှင်များအဖွဲ့ချုပ် ကော်မတီဝင်များအားလုံးက ဝမ်းသာ၍ လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ MSME Cluster
ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာ-ဘယ်လာရုစ်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအသင်းမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာ-ဘယ်လာရုစ် ချစ်ကြည်ရေးနှင့်
ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထားဝယ်လူမျိုးသမိုင်းတွင် ထားဝယ်မိဘနှစ်ပါးမှ မွေးဖွားလာပြီး ထားဝယ်တိုင်းရင်းသားတစ်ရပ်လုံး၏ ပထမအဦးဆုံးသော နိုင်ငံတော်သမ္မတကြီးဖြစ်လာသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် "ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း" မှ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် "မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်း" မှ အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မဇ္ဈိမာလင်္ကာရသာမဏေကျော်အသင်း

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီ ၆ ရက်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် "မြန်မာပြည်တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့"က အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါသည်။

မြန်မာပြည်တရုတ်ဗုဒ္ဓဘာသာရဟန်းတော်များအဖွဲ့

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပထမ ပုံမှန် အစည်းအဝေး၊ တတိယနေ့၌ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်နိုင်ခဲ့ခြင်း အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံ့အကြီးအကဲဖြစ်သော နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှု၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များ၏ ပြည်သူ့အကျိုးပြု ဆောင်ရွက်မှုများဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ လယ်ယာ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများနှင့် ပြည်သူလူထု၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး တို့ကို တိုးမြှင့်ဖော်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ပြုအပ်ပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အနေဖြင့် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ လွှတ်တော် ကော်မတီများ၊ ကိုယ်စားလှယ်များနှင့်အတူ နိုင်ငံ့အကျိုး၊ ဆန်စပါးကဏ္ဍအကျိုးကို စဉ်ဆက်မပြတ် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆန္ဒပြုလျက် နိုင်ငံတော်အစိုးရသစ်အား ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MHA) က ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုအပ်ပါသည်။

မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စိတ်နှစ်ပါး ကျန်းမာစွာဖြင့် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ပါသည်။

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

သမ္မတကြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးတော်ဝင်ညီညွတ်သော အိမ်ခြံမြေအကျိုးဆောင်အသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝ ပြုအပ်ပါသည်။

**မြန်မာနိုင်ငံ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းရှင်များအသင်း (MTMA)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အခမဲ့ သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွဲကြသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၆ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာ အစဉ်အလာများနှင့်အညီ ဆင်နွဲသွားမည်ဖြစ်ပါသည်။ ထိုသို့ ဆင်နွဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့် သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများကို မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့ အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟီရိုမိချိ ဝါတာနာဘေး ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟီရိုမိချိ ဝါတာနာဘေးထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတကြီး မစ္စတာ မင်းအောင်လှိုင်ထံသို့

**လေးစားအပ်ပါသော သမ္မတကြီး ခင်ဗျား၊**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် မကြာသေးမီက ရွေးချယ်တင်မြှောက်ခံရခြင်းအတွက် ကျွန်ုပ်မှ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုအပ်ပါသည်။

ဂျပန်နှင့် မြန်မာနိုင်ငံသည် ရှည်လျားသော မိတ်ဖက်များဖြစ်ပြီး အာရှတိုက်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဟု မျှော်လင့်ပါသည်။

သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံသူ/နိုင်ငံသားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း လေးနက်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**လေးစားစွာဖြင့်**

**မစ္စတာ ဟီရိုမိချိ ဝါတာနာဘေး**
**ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်**
**ဒုတိယဥက္ကဋ္ဌ၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအီ နှင့် ညွှန်ကြားရေးမှူး မစ္စတာ နာအိုဟီခို တာကခု တို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအီ နှင့် ညွှန်ကြားရေးမှူး မစ္စတာ နာအိုဟီခို တာကခု တို့ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတကြီး မစ္စတာ မင်းအောင်လှိုင်ထံသို့

**လေးစားအပ်ပါသော သမ္မတကြီး ခင်ဗျား၊**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် မကြာသေးမီက ရွေးချယ်တင်မြှောက်ခံရခြင်းအတွက် ကျွန်ုပ်မှ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုအပ်ပါသည်။

ဂျပန်နှင့် မြန်မာနိုင်ငံသည် ရှည်လျားသော မိတ်ဖက်များဖြစ်ပြီး အာရှတိုက်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဟု မျှော်လင့်ပါသည်။

သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံသူ/နိုင်ငံသားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း လေးနက်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**လေးစားစွာဖြင့်**

**မစ္စတာ ဖူမီအို အူဆုအီ**
**ဥက္ကဋ္ဌ၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း**
**မစ္စတာ နာအိုဟီခို တာကခု**
**ညွှန်ကြားရေးမှူး၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ



**တောင်ကြီး ဧပြီ ၆**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီက ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်က ပြည်နယ်လွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၉၉ ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၃၃ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၃၂ ဦး ရှိသည့်အနက် ၁၃၁ ဦး တက်ရောက်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၂၄ ရာခိုင်နှုန်းရှိသည့်အတွက် ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ခြင်းခံရသောသူက အဆိုပြုပေးပို့ထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးစိုင်းထိန်စိုး၏ အမည်ကို ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး အဆိုပြုထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးဌာန ပြည်နယ်ဝန်ကြီးဦးရေ သတ်မှတ်နိုင်ရေး အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးရေသတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်သည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုထားသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးစိုင်းထိန်စိုး၏ အမည်ကို ကန့်ကွက်သည့် ကိုယ်စားလှယ် အမည်စာရင်းပေးပို့လာခြင်း မရှိသည့်အတွက် လွှတ်တော်၏ အတည်ပြုချက်ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးဌာန အရေအတွက်၊ ပြည်နယ်ဝန်ကြီးဦးရေ သတ်မှတ်နိုင်ရေးအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ် (၁) ဦးအောင်ကျော်ညွှန့်နှင့် သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးသီဟလှိုင်တို့က ဆွေးနွေးတင်ပြကြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နောက်တစ်ကြိမ် ကျင်းပပြုလုပ်မည့် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အဆုံးအဖြတ်ရယူမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက်ပြည်နယ်တရားလွှတ်တော် တရားသူကြီး လေးဦးခန့်အပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် လွှတ်တော်၏ အတည်ပြုချက်ရယူပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဧပြီ ၇ ရက် နံနက် ၁၀နာရီတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**စိုင်းအယ်ဘဲ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အဆွေတော် ဦးမင်းအောင်လှိုင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတ

အဆွေတော် နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပြည်ထောင်စုလွှတ်တော်က အဆွေတော်အား နိုင်ငံတော် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ကျွန်ုပ်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်အား ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ကြွယ်ဝချမ်းသာရေးဆီသို့ ဦးဆောင်ဦးရွက်ပြုရာတွင် အောင်မြင်မှုရရှိစေရန် ကျွန်ုပ်၏ စိတ်ရင်းစေတနာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ရေရှည်တည်တံ့သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် ကမ္ဘောဒီးယားနိုင်ငံတော်၏ ပြည်သူများကလည်း ကျွန်ုပ်နှင့်အတူ ကျေးဇူးတင်အသိအမှတ်ပြုကြောင်း ဖော်ပြအပ်ပါသည်။ အာဆီယံအပါအဝင် ဒေသတွင်းမူဘောင်များအတွင်း ဆွေးနွေးမှု၊ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ပံ့ပိုးကူညီရန်အတွက် နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ခိုင်မာတိုးမြှင့်သွားမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

သမ္မတကြီး၊ ကျေးဇူးပြု၍ ကျွန်ုပ်၏ လေးစားဂုဏ်ပြုမှုကို လက်ခံပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**နိုရိုဒွန် သီဟာမိုနီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကာစင် ဂျိုမတ် တိုခါယက်ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကာစင် ဂျိုမတ် တိုခါယက်ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၄ ရက်

အဆွေတော် ဦးမင်းအောင်လှိုင်

သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်၊

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါသည်။

ရွေးကောက်ပွဲတွင် အဆွေတော် အနိုင်ရရှိခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှု၊ လူမှုစီးပွားရေး သာယာဝပြောရေးနှင့် နိုင်ငံတကာဆက်ဆံမှုတွင် အောင်မြင်ရေးကို ရည်ရွယ်သည့် အဆွေတော်၏ ပြည့်စုံသော မူဝါဒအပေါ် ပြည်သူတစ်ရပ်လုံးက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုကို ထင်ထင်ရှားရှား သက်သေပြနေသည်ဟု မိမိရှုမြင်ပါသည်။

နိုင်ငံ့အနာဂတ် သာယာလှပစေရေးနှင့် နိုင်ငံ့ဂုဏ်သိက္ခာမြင့်မားစေရေး အဆွေတော်၏ မြင့်မြတ်သော ကြိုးပမ်းမှုများနှင့် ကြီးမားသော အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ယုံကြည်မှုကို အခြေခံသည့် ကာဇက်စတန်-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးအလားအလာမြင့်မားမှုကို အရင်းခံ၍ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် မိမိအနေဖြင့် အဆင်သင့်ရှိမှုကို ထပ်လောင်းအတည်ပြုပါသည်။

အဆွေတော်၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အောင်မြင်ပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများ သာယာဝပြော၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခင်မင်ရင်းနှီးမှုဖြင့်၊

**ကာစင် ဂျိုမတ် တိုခါယက်ဗ်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန်းဒါး ဘယ်ဂ်လော့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ် အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန်းဒါး ဘယ်ဂ်လော့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အဆွေတော် မစ္စတာ မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဆွေတော်၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

ပြည်သူများ၏ ဘဝသာယာဝပြောရေးကို အလေးထားမှုနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေလိုသော အဆွေတော်၏ ဆန္ဒအပေါ် မိမိတို့အနေဖြင့် အလွန်လေးစားမိပါသည်။

စိန့်ပီတာစဘတ်မြို့နှင့် မြန်မာနိုင်ငံတို့အကြား ကာလရှည်ကြာသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အပြန်အလှန်လေးစားမှုအပေါ်အခြေခံ၍ ဖော်ဆောင်လျက်ရှိပါသည်။ ယင်းဆက်ဆံရေး တိုးတက်ခိုင်မာစေရေးအတွက် အဆွေတော်၏ ဦးဆောင်မှုများသည် အထူးပင် အသိအမှတ်ပြုဖွယ်ဖြစ်ပါသည်။ ယဉ်ကျေးမှုဖလှယ်ခြင်း၊ ပညာရေးဆိုင်ရာအစီအစဉ်များနှင့် ဆေးဘက်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများကို ခိုင်မာအားကောင်းစေရန် အဆွေတော်၏ ကြိုးပမ်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံလုံး၏ ကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကိုမြှင့်တင်စေရုံအတွက်သာမက နိုင်ငံသားများ၏ လူနေမှုဘဝအရည်အသွေးကိုလည်း မြင့်မားစေပါသည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် စိန့်ပီတာစဘတ်မြို့နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်လိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါသည်။ မိမိတို့ အနေဖြင့်လည်း ပူးတွဲစီမံကိန်းသစ်များကို အကောင်အထည်ဖော်ရန်နှင့် ဒေသအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန် ဆန္ဒရှိပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပြီး အားအင်စွမ်းပကားများဖြင့် ပြည့်စုံပါစေကြောင်းနှင့် အဆွေတော်၏ အရေးကြီးသော လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါက်တာ အေ. ဒီ. ဘယ်ဂ်လော့**

**စိန့်ပီတာစဘတ် အုပ်ချုပ်ရေးမှူး**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုစဉ်။



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ



**မန္တလေး ဧပြီ ၆**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် အောင်မြေသာစံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးအောင်ကို အဆိုပြုခြင်းအား လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသည့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးဌာန ရှစ်ခု၊ တိုင်းဒေသကြီးဝန်ကြီး ရှစ်ဦးနှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အပါအဝင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခုနစ်ဦး သတ်မှတ်ခြင်းကို လွှတ်တော်သို့ တင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် စက်မှု၊ စွမ်းအင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ၊ ပြည်သူ့ရေးရာနှင့် လူမှုရေးဆိုင်ရာကော်မတီနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီများတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ကော်မတီများ ဖွဲ့စည်းကြောင်း ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကော်မတီဖွဲ့စည်းရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက ယင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် အောင်မြေသာစံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်ကို အဆိုပြုခြင်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးဌာန ရှစ်ခု၊ တိုင်းဒေသကြီး ဝန်ကြီး ရှစ်ဦးနှင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အပါအဝင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခုနစ်ဦး သတ်မှတ်ခြင်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ကော်မတီကို လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ဖွဲ့စည်းသည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ပြည်တွင်းဓာတ်အားလိုင်းများ၊ တာဝါတိုင်များ၊ လမ်း၊ တံတားများ၊ အဆောက်အအုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မိုင်းခွဲမီးရှို့ဖျက်ဆီးနေတဲ့ PDF အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ၈-၄-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၅-၄-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်သမားတွေရဲ့ မဆင်မခြင်မိုင်းထောင်မှုများကြောင့် ပြည်သူများအတွက် အသက်ဘေးအန္တရာယ်ခြိမ်းခြောက်မှုများ နောက်ဆက်တွဲအဖြစ် ကျန်ရှိနေဦးမည်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ



**ရန်ကုန် ဧပြီ ၆**

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး ပြည်ထောင်စုလွှတ်တော်နာယကထံမှ ပေးပို့လာသည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဖတ်ကြားတင်ပြကာ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက အဆိုပြုပေးပို့လာသည့် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်သူ၏ အမည်စာရင်း၊ တိုင်းဒေသကြီးဝန်ကြီးဌာန အရေအတွက်နှင့် တိုင်းဒေသကြီးဝန်ကြီးဦးရေ အရေအတွက်၊ တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးဦးရေ အရေအတွက် သတ်မှတ်နိုင်ရေး အဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက အဆိုပြုပေးပို့လာသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်သူကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ်ကြေညာပြီး တိုင်းဒေသကြီးဝန်ကြီးဌာန ၁၀ ခု၊ တိုင်းဒေသကြီးဝန်ကြီး ၁၀ ဦးနှင့် တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးခြောက်ဦး သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၏အဆုံးအဖြတ်ကို ရယူ အတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**မုံရွာ ဧပြီ ၆**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေ ရာခိုင်နှုန်းပြည့် တက်ရောက်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တိုင်းဒေသကြီး ဝန်ကြီးဌာန ခုနစ်ခုနှင့် တိုင်းဒေသကြီး ဝန်ကြီး ခုနစ်ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး သုံးဦး သတ်မှတ်နိုင်ရေးအတွက် အဆိုပြုခြင်းကို လွှတ်တော်၏အဆုံးအဖြတ် ရယူ၍ အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ခန့်အပ်နိုင်ရေးအတွက် ရွှေဘိုမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးကိုလေးအား အဆိုပြုခြင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ



**ပုသိမ် ဧပြီ ၆**

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီက ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက ပုသိမ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) ဦးအေးကျော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၀ အရ အဆိုပြုပေးပို့ခြင်းကို လွှတ်တော်သို့ ကြေညာပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက တိုင်းဒေသကြီး ဝန်ကြီးဌာန ကိုးခု၊ တိုင်းဒေသကြီးဝန်ကြီး ကိုးဦးနှင့် တရားလွှတ်တော် တရားသူကြီး လေးဦး သတ်မှတ်နိုင်ရေးအတွက် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၈ နှင့် ၄၉ တို့အရ အဆိုပြုပေးပို့ခြင်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ



**ထားဝယ် ဧပြီ ၆**

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ရှိ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် နာယကက ပေးပို့ခဲ့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဖတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူက အဆိုပြုသည့် မြိတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးဇော်နိုင်ဦး၏ အမည်စာရင်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၁)အရ တိုင်းဒေသကြီး ဝန်ကြီးဌာန ရှစ်ခု၊ တိုင်းဒေသကြီး ဝန်ကြီး ရှစ်ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် အပါအဝင် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး သုံးဦး သတ်မှတ်ပေးနိုင်ရန် အဆိုပြုလာမှုအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**၂၀၂၆ ခုနှစ် ဧပြီ ၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ



ဘားအံ ဧပြီ ၆

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) ဘားအံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)နေရာလစ်လပ်ကြောင်း ကြေညာပြီး ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်းကြေညာကာ နိုင်ငံတော်ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နန်းနီနီအေးနှင့် ဘားအံ-ကော့ကရိတ်-မြဝတီ (အာရှလမ်း) ပြန်လည်ဖွင့်လှစ်နိုင်ခြင်းနှင့်ပတ်သက်ပြီး ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ပေးပို့ထားသည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကိုဖတ်ကြား၍ ပြည်နယ်လွှတ်တော်တွင် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် ဦးစောမြင့်ဦး ဘားအံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အမည်စာရင်းပေးပို့ထားပြီး ယင်းအဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ကရင်ပြည်နယ်အစိုးရအဖွဲ့တွင် ဝန်ကြီးဌာန ခုနစ်ခုနှင့် ဝန်ကြီးဦးရေ ခုနစ်ဦး သတ်မှတ်ထားရှိရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသော အဆိုပြုချက်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ကရင်ပြည်နယ်တွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အပါအဝင် ပြည်နယ်တရားလွှတ်တော် တရားသူကြီး သုံးဦးထားရှိရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍လည်းကောင်း ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်းနှင့် တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ



မြစ်ကြီးနား ဧပြီ ၆

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံက အစည်းအဝေး တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦးအနက် ၄၅ ဦးလုံး တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက ပြည်နယ်ဝန်ကြီးဌာန အရေအတွက် ခုနစ်ခု၊ ပြည်နယ်ဝန်ကြီးဦးရေ ခုနစ်ဦးနှင့် ပြည်နယ် တရားလွှတ်တော်တရားသူကြီးဦးရေ သုံးဦး သတ်မှတ်နိုင်ရေး အဆိုပြုခြင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အဆုံးအဖြတ်ကိုရယူ၍ အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက် ခံထားရသူက ကချင်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် မြစ်ကြီးနားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန်အား ခန့်အပ်တာဝန်ပေးနိုင်ရေး အဆိုပြုလာခြင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

ဟားခါး ဧပြီ ၆

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ်လွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက တတိယအကြိမ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ ရာနှုန်းပြည့်တက်ရောက်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက ချင်းပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ဟားခါးမြို့နယ် မဲဆန္ဒ



နယ်အမှတ်(၁) ဒေါက်တာဝုန်ဆွန်းထန်ကို အဆိုပြုခြင်းအား လွှတ်တော်သို့ တင်ပြပြီး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသည့် ပြည်နယ်ဝန်ကြီးဌာန ခုနစ်ဌာန၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးကို သုံးဦး သတ်မှတ်ပေးနိုင်ရန် အဆိုပြုခြင်းအား လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **ခရိုင်(ပြန်/ဆက်)**

## တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

မော်လမြိုင် ဧပြီ ၆

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းအား လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံထားရသူက မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဦးအောင်ဝင်းသန်းအား အဆိုပြုခြင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြပြီး ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံထားရသူကပေးပို့ထားသည့် မွန်ပြည်နယ်ဝန်ကြီးဌာနအရေအတွက်၊ ဝန်ကြီးဦးရေနှင့် မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားသူကြီးဦးရေတို့ကို လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ အတည်ပြုပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

မွန်ပြည်နယ် လွှတ်တော်တတိယအကြိမ် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဧပြီ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**




## ထူးခြားသည့် နေ့အပူချိန်များ (၆-၄-၂၀၂၆)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ချောက် | ၄၂ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၂ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မြင်းမူ | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၁ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | တောင်တွင်းကြီး | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# တပ်မတော်စစ်ကြောင်းများက PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် အင်တိုင်းကျေးရွာတို့ကို ပြန်လည်သိမ်းပိုက်ရရှိ၊ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက အဆိုပါဓာတ်အားပေးစက်ရုံနှင့် အင်တိုင်းကျေးရွာတို့ကို မီးရှို့ဖျက်ဆီးပြီး ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့

တပ်မတော်စစ်ကြောင်းများက သဖန်းဆိပ်ဆည်နှင့် အင်တိုင်းကျေးရွာအား အသီးသီးပြန်လည်သိမ်းပိုက် ရရှိသည့်နေရာပြပုံ။






တပ်မတော်စစ်ကြောင်းများက သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဝန်းကျင်ဒေသတစ်ဝိုက်ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိစဉ်။




သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဝန်းကျင်ဒေသတစ်ဝိုက်ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဧပြီ ၆**

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းတံတားများ တည်ဆောက်ပေးခြင်း၊ ဆည်မြောင်းတာတမံများ တူးဖော်ပေးခြင်း၊ မီးမရရှိသည့် ဒေသများတွင် လျှပ်စစ်မီးများ ရရှိအောင် ဆောင်ရွက်ပေးခြင်းများကို ဘက်ပေါင်းစုံမှ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကို ရှေးရှု၍ အစိုးရ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများ၊ ဆည်မြောင်းတာတမံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ ဒေသခံပြည်သူလူထု၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းရှိ သဖန်းဆိပ်ရေလှောင်တမံနှင့် ပတ်ဝန်းကျင်ကျေးရွာများကို ယာယီစိုးမိုးထားပြီး အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် သဖန်းဆိပ်ရေလှောင်တမံနှင့် ပတ်ဝန်းကျင်ကျေးရွာများကို ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြင့် ပြန်လည်ရရှိရေးအတွက် လိုအပ်သည့်စုဖွဲ့မှုများကို စနစ်တကျဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ ပစ်ခတ်မှုနှင့် စစ်ကစားမှုကို ဟန်ချက်ညီညီပေါင်းစပ်ကာ တိုက်ပွဲဝင် အရာရှိ၊ စစ်သည်များ၏ စိတ်ဓာတ်တက်ကြွ၍ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှု၊ မဆုတ်မနစ်သောဓွဲ၊ လုံ့လ၊ ဝီရိယရှိမှုတို့ဖြင့် အဆိုပါဆည်ကြီးရှိ အဆောက်အအုံများနှင့် စက်ပစ္စည်း ကိရိယာများ ထိခိုက်ပျက်စီးမှုမရှိစေရေး ကန့်သတ်ချက်များကြားမှ ထိန်းထိန်းသိမ်းသိမ်းဖြင့် တိုက်စစ်ဆင်ချေမှုန်းခဲ့ရာ သဖန်းဆိပ်ရေလှောင်တမံကို မတ် ၂၈ ရက်တွင်လည်းကောင်း၊ အဆိုပါရေလှောင်တမံ၏ အနောက်ဘက် မီတာ ငါးထောင်ခန့်အကွာတွင် တည်ရှိသော အင်တိုင်းကျေးရွာကို ယနေ့ နေ့လယ်ပိုင်းတွင်လည်းကောင်း အသီးသီး ပြန်လည်သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်ကျဆုံးမှုများစွာဖြင့် ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားကြသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဆုတ်ခွာထွက်ပြေးသွားစဉ် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် စက်ရုံရှိ လျှပ်စစ်ဓာတ်အားပေး စက်ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ပြင် အင်တိုင်းကျေးရွာအတွင်းရှိ အပြစ်မဲ့ဒေသခံပြည်သူများ၏ နေအိမ်များကို ဆက်လက်မီးရှို့ဖျက်ဆီးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းနှင့် လိုအပ်သောလုံခြုံရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြရသည်။

အကြမ်းဖက်သောင်းကျန်းသူများက သဖန်းဆိပ်ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ယာယီစိုးမိုးထိန်းချုပ်ခဲ့ပြီး အဆိုပါရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ တန်ဖိုးကြီးပစ္စည်းများကို ယူဆောင်သွားခြင်း၊ ဖျက်ဆီးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ သဖန်းဆိပ်ရေလှောင်တမံသည် စိုက်ပျိုးမြေဧက ငါးသိန်းကျော်ကို အဓိက ရေပေးဝေနေသော တမံတစ်ခုဖြစ်သည်။ ထို့ပြင် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည်လည်း နိုင်ငံတော်ဓာတ်အားပေးစနစ်တွင် လျှပ်စစ်ပုံမှန်ပို့လွှတ်ပေးနေသော စက်ရုံတစ်ခုဖြစ်ပြီး အဆိုပါစက်ရုံကို မီးရှို့ဖျက်ဆီးခဲ့သဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လွှတ်နိုင်မှုမှာလည်း ပျက်စီးဆုံးရှုံး၍ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာခဲ့ရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသည့် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံကို မီးရှို့ဖျက်ဆီးခဲ့ကြသဖြင့် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပျက်စီးသွားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ပြန်လည်လည်ပတ်နိုင်ရေး ပြင်ဆင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးလုပ်ဆောင်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၆-၄-၂၀၂၆ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၁,၄၁၀,၈၆၃.၇၁ | ၃၃,၇၉၅,၀၈၀.၉၄ | ၁၅,၇၀၅,၄၇၄.၂၉ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးနှင့် ဆေးဝါးပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ တိရစ္ဆာန်အစာ၊ စက်မှုကုန်ကြမ်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းနှင့် စားသုံးကုန်စည်များတင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၉ သန်းကိုလည်းကောင်း၊ စက်သုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆ သန်းကိုလည်းကောင်း၊ ပုံနှိပ်ပစ္စည်းကဏ္ဍ၊ စားသောက်ကုန်ကြမ်းကဏ္ဍ၊ လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ဆေးနှင့် ဆေးဝါးပစ္စည်းကဏ္ဍ၊ စက်မှုကုန်ကြမ်းကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့သို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)လုပ်ငန်းများကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေးစစ်ဆေးနိုင်ခဲ့

**နေပြည်တော် မေ ၆**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင့်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၆ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၁၄၆၂၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၀၄ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၆ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၁ ဦး ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၅ ဦး တို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှု အပါအဝင် ဒုစရိုက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား သုံးဦးကို စစ်ဆေးနေစဉ်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်ကုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၈၀၀ တန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ




ကိုလင်း၊ ခွန်မောင်၊ ခွန်ထွန်းချစ်၊ ခွန်ငြိမ်းချမ်း၊ ခွန်နေဝင်းထွန်းတို့ကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။


**နေပြည်တော် မေ ၆**


တပ်ကုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၈၀၀ တန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၇၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်းမြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၄ ရက် ညနေ ၅ နာရီတွင် သတင်းအရ တပ်ကုန်းမြို့နယ် ပင်လောင်း-နေပြည်တော် ကားလမ်း မိုင်တိုင်အမှတ်(၇/၀)အနီးတွင် ပင်လောင်းမြို့နယ် ပိန္နဲကုန်းကျေးရွာနေ ခွန်ထွန်းချစ် ၂၀ နှစ် မောင်းနှင်ပြီး ပင်လောင်းမြို့နယ် နဂါးပတ်ကျေးရွာနေ ခွန်ငြိမ်းချမ်း ၂၀ နှစ်၊ ပင်လောင်းမြို့နယ် ပိန္နဲကုန်းကျေးရွာနေ ခွန်နေဝင်းထွန်း ၂၀ နှစ် တို့လိုက်ပါလာသော CROWN အမျိုးအစား မော်တော်ယာဉ်နှင့် ပင်လောင်းမြို့နယ် လိန်းလီကျေးရွာနေ ကိုလင်း ၂၈ နှစ်မောင်းနှင်ပြီး ပင်လောင်းမြို့နယ် ပိန္နဲကုန်းကျေးရွာနေ ခွန်မောင် ၂၂ နှစ် လိုက်ပါလာသော DREAM 125 အမျိုးအစား မော်တော်ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းတို့ငါးဦး သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၈၀၀) ဖမ်းဆီးရမိသဖြင့် ကိုလင်း၊ ခွန်မောင်၊ ခွန်ထွန်းချစ်၊ ခွန်ငြိမ်းချမ်း၊ ခွန်နေဝင်းထွန်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ မေ ၄ ရက်မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု နောင်ရှဲန်ကျေးရွာအနီးတွင် ကျိုင်းတုံမြို့နယ် ပိန်းခမ်းကျေးရွာနေ ကျအူ ၅၀ နှစ် မောင်းနှင်လာသော WAVE i 125 အမျိုးအစား မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၇၀) ဖမ်းဆီးရမိသဖြင့် ကျအူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**❑ စက်သုံးဆီဖြန့်ဖြူးရောင်းချမှုမှ**

သက်သာစေမည်ဖြစ်သည့်အပြင် အရန်ဆီသိုလှောင်နိုင်မှု ၁၀ ရက်စာ ပိုမိုသိုလှောင်လာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စက်သုံးဆီများကို နှစ်စဉ် တန်ချိန် ငါးသန်းခန့် တင်သွင်းနေရသဖြင့် အမေရိကန်ဒေါ်လာ သန်း ၅၀၀၀ ကျော် သုံးစွဲရမည်ဖြစ်ရာ ယခုကဲ့သို့ စက်သုံးဆီကို စနစ်တကျသုံးစွဲလာနိုင်ပါက နှစ်စဉ်အမေရိကန်ဒေါ်လာ သန်း ၂၀၀၀ ခန့် လျှော့နည်းသက်သာစေမည်ဖြစ်သည်။

နိုင်ငံတော်တွင် စက်သုံးဆီဖူလုံမှုအနေဖြင့် ဓာတ်ဆီ ရက် ၄၀ နှင့် ဒီဇယ်ဆီ ရက် ၅၀ ခန့်ရှိပြီး မေလအတွင်းသင်္ဘော ၂၆ စီး ထပ်မံတင်သွင်းရန်စီစဉ်ထားရှိပြီးဖြစ်ပါသည်။ ထို့ပြင် မိတ်ဆွေနိုင်ငံများမှ တင်သွင်းရန် ရေရှည်အစီအမံပြုလုပ်ပြီး ဝယ်ယူရရှိနိုင်ရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်သည့်သတင်းများကိုသာယုံကြည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။

အခြေအမြစ်ခိုင်လုံမှုမရှိသည့် သတင်းများဖော်ပြခြင်း၊ ပြည်သူများ စိုးရိမ်ကြောင့်ကြမှုဖြင့်တက်စေရန် ရည်ရွယ်သည့် ခေါင်းစဉ်များတပ်၍ ဖော်ပြခြင်းတို့ကိုပြုလုပ်နေသည့် မီဒီယာများကိုလည်း စွမ်းအင်ဝန်ကြီးဌာနက ဆက်သွယ်၍ သတိပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသည့် စက်သုံးဆီဝယ်ယူနိုင်မည့် စည်းကမ်းများအတိုင်း လိုက်ပါဆောင်ရွက်ခြင်း၊ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့်လည်း QR Code ဖြင့် ရောင်းချမှုအပေါ် ထပ်မံလိုအပ်လာပါက အရေးပေါ်ဆီဖြည့်တင်းခွင့် ရရှိနေခြင်းရှိနေသည့်အတွက် ကြောင့်ကြကင်းစွာ ရောင်းချဝယ်ယူကြပါရန်နှင့် အခက်အခဲများရှိပါက Call Center များသို့ ဆက်သွယ်အကြောင်းကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

# လူလိမ္မာနဲ့ငွေ

မောင်နှင်းဆီ

"I believe that the key to success lies in knowing how to both strive for a lot and fail well. By failing well, I mean being able to experience painful failures that provide big learning without failing badly enough to get knocked out of the game.

RAY DALIO

(Introduction of Principles)

**နိဒါန်း**

စာရေးဆရာမင်းသိခ်(၁၉၃၉-၂၀၀၈) တစ်ခါက ရေးခဲ့ဖူးပါတယ်။ လူတွေဟာ ငွေနောက်ကိုအပြေး အလွှားလိုက်နေတတ်ကြတယ်။ မမီမကမ်းနဲ့ ဖမ်းမမိနိုင်ဘဲ ကျန်ရစ်ကြတယ်။ အချို့လည်း ချော်လဲလို့ အနာတရဖြစ်ကြနဲ့တဲ့။ ငွေနောက်ကိုလိုက်ရင် မမီနိုင်ဘူးတဲ့။

ဘာလို့လဲဆိုတော့ လူမှာခြေထောက်နှစ်ချောင်းသာပါပြီး ငွေမှာတော့ ဆင်လို မြင်းလို အလွန်အပြေးသန်တဲ့ ခြေထောက်လေးချောင်းပါလို့ဆိုပဲ။

လူကငွေနောက်ကိုလိုက်နေစရာမလိုပါဘူးတဲ့။ ငွေက ကိုယ့်ဆီလာအောင် လုပ်လို့ရပါတယ်တဲ့။ ဘာလဲဆိုတော့ ငွေလာနည်းကိုသိရမယ်။ ဒီနည်းကို အမှန်တကယ်လိုက်နာကျင့်သုံးရမယ်တဲ့။ ဒါဆိုရင် ငွေက ကိုယ့်ဆီကိုလာကြလွန်းလို့ တော်ပါပြီမလိုချင်တော့ပါဘူးဆိုပြီး ထထွက်ပြေးရင်တောင် ငွေကိုလွတ်အောင် မပြေးနိုင်ဘဲ ငွေတွေအစုအပုံနဲ့ ရောက်နေ ဝင်နေမှာ မုချဆိုပဲ။

**မိမိဘဝ**

ငွေနောက်မလိုက်ရဘဲ ငွေကကိုယ့်ဆီကိုလာစေတဲ့နည်းတွေက ဘာလဲ။ ဖတ်ဖူးပေမယ့် မမှတ်မိတော့ပါ။ ငွေဆိုတာ လိုက်လေပြေးလေ၊ အပြေးသန်တဲ့ ခြေလေးချောင်းရှိတယ်ဆိုတာသာ သတိရနေမိခဲ့တယ်။ ငွေလာနည်း ငွေရှာနည်းတွေလည်း မရှာဖွေခဲ့ပါ။ ငွေရပေါက်ရလမ်းတွေလည်း စိတ်မဝင်စားခဲ့ပါ။ အစိုးရလခစားအလုပ်ဆိုတာ ချမ်းသာနိုင်တဲ့အလုပ်မျိုးမှ မဟုတ်တာကိုး။ မသေခင် စိတ်ချမ်းချမ်းသာသာနဲ့ တိုင်းပြည်နဲ့လူမျိုးအတွက် တတ်နိုင်သမျှ အကျိုးရှိအောင် လုပ်ဆောင်ပေးနိုင်ရင် တော်ပြီလေ။

ချမ်းသာချင်တဲ့ရည်ရွယ်ချက် တစ်ခါမှမရှိခဲ့ဖူးတော့ မချမ်းသာဘူးပေါ့။ ဘာမှမထူးဆန်းပါဘူး။ နိုင်ငံတော်က သင့်တင့်လျောက်ပတ်အောင် ထောက်ပံ့ကျွေးမွေးခဲ့တော့ ဆင်းဆင်းရဲရဲလည်းမရှိခဲ့ရပါဘူး။ မှန်တာပြောရရင် ငွေအကြောင်း ဘာမှများများစားစားမသိပါ။ ငွေကြေးနဲ့ဆိုင်တဲ့ စီးပွားရေးအလုပ်မျိုးတွေကိုလည်း သာမန်ဗဟုသုတလောက်သာ လေ့လာဖူးပြီး တာဝန်အရ လယ်လုပ်ဖူးရဲ့။ ကော်ဖီစိုက်ဖူးရဲ့။ ကြက်တို့၊ ဝက်တို့မွေးခဲ့ဖူးပေမယ့် ရဲဘော်ရဲမေတွေ သက်သာချောင်ချိရေး အနည်းငယ်ထောက်ပံ့ပေးနိုင်တာလေးပါပဲ။

ကိုယ်ပိုင်ဝင်ငွေရှာဖွေတဲ့အလုပ်တော့ မလုပ်တတ်ခဲ့ပါ၊ ဒါတွေကိုအမှန်အတိုင်းဖော်ပြနေတာက ဒီခေါင်းစဉ် ဒီအကြောင်းအရာကို စာရေးသူက ဆရာကြီးလုပ်ပြီး ရေးနေခြင်းမဟုတ်ပါကြောင်း အရင်းခံအတိုင်း ပွင့်ပွင့်လင်းလင်း အသိပေးတင်ပြခြင်းဖြစ်ပါတယ်။

လူမိုက်နဲ့ငွေအတူမနေဆိုတဲ့စကားအရ ပြောမယ်ဆိုရင်တော့ စာရေးသူက ငွေပေါပေါများများ မချမ်းသာတဲ့ သာမန်လူထဲက လူမိုက်တစ်ယောက်လို့ ခေါ်သင့်တဲ့လူပဲဆိုပါစို့။ သို့သော် စာဖတ်သူတွေကိုတော့ ချမ်းချမ်းသာသာ၊ ကြွယ်ကြွယ်ဝဝ၊ ပြည့်ပြည့်စုံစုံဖြစ်ကြစေချင်တယ်။ ဒီစေတနာစေ့ဆော်မှုနဲ့ ဒီစာကိုကြိုးစားပြီး ရေးခြင်းဖြစ်ပါတယ်။ ငါတွေ့မဟုတ်တဲ့ စာတွေ့ကိုပဲ တစ်ဆင့်ဖောက်သည်ချမှာပါ။ **ငွေ၏မာယာ**တဲ့။

**အရောင်းရဆုံး**

Morgan Housel ရေးတဲ့ The Psychology of Money" ဆိုတဲ့စာအုပ်ကို အရောင်းရဆုံးစာအုပ်စာရင်းတွေမှာ ခဏခဏပါကတည်းက ဖတ်ချင်နေခဲ့ပါတယ်။ မူရင်းစာအုပ်ဖတ်ခွင့်မရပေမယ့် မြန်မာဘာသာပြန်နှစ်အုပ်၊ သုံးအုပ်ရှာပြီး ဖတ်ပါတယ်။ ငွေအကြောင်းကို သိချင်လို့မဟုတ်ပါ။ စိတ်ပညာစာအုပ်အမည်မှာပါလို့ စိတ်ပညာဆိုင်ရာစာအုပ်အနေနဲ့ အောင်မြင်ထင်ရှား အထူးလူသိများနေတဲ့စာအုပ်တစ်အုပ်ကို ဖတ်ဖူးချင်တယ်။ လေ့လာမှတ်သားချင်ပါတယ်။ သို့ရာတွင် အားမရခဲ့ပါ။ နားမရှင်းလှပါ။ ဘာသာပြန်ချောလှသည်လို့ မထင်မိပါ။

၂၀၂၅ ခုနှစ် အောက်တိုဘာလမှာ ဆရာဇန်းမော်သိန်းဖေ ဘာသာပြန်တဲ့ **"ငွေ၏မာယာ"**၊ Morgan Housel ရေးထားတဲ့ "The Psychology of Money" ကို ဘာသာပြန်ထားတယ်ဆိုတဲ့ စာအုပ်ဖတ်လိုက်ရတော့မှ စာရေးသူမှာ ရှင်းရှင်းလင်းလင်းကွင်းကွင်းကွက်ကွက် နားလည်သဘောပေါက်လာရပါတယ်။

**ဇန်းမော်သိန်းဖေ**

စာရေးဆရာ ဘာသာပြန်ဆရာ ဇန်းမော်သိန်းဖေရဲ့ သူရေးခဲ့သမျှ စာအုပ် ၃၀ နီးပါးအနက် စာရေးသူက ၁၅ အုပ်လောက် ဖတ်ဖူးပါတယ်။ မျှဝေလိုသောအတွေးများ (၁) မှ (၈) အထိ အပါအဝင်ဆိုရင် စာအုပ် ၂၀ ကျော်ကို ဖတ်ဖူးခဲ့ပြီးပါပြီ။ ဘာသာပြန်ဆရာကောင်းတစ်ဦးပါ။ သူက ရန်ကုန်စက်မှုတက္ကသိုလ်မှ ၁၉၇၅ ခုနှစ်မှာ B.E(Electircal) ဘွဲ့ရခဲ့သူ လျှပ်စစ်အင်ဂျင်နီယာပါ။ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှာ ၁၁ နှစ်လောက် အရာရှိလုပ်ခဲ့ဖူးတဲ့အပြင် စင်ကာပူမှာ ချန်ဂီလေဆိပ်၊ အထက်တန်းမန်နေဂျာ တာဝန်လည်း ဆောင်ရွက်ခဲ့ဖူးပါတယ်။ ထမင်းစားဖို့ စာရေးသူမဟုတ်ဘဲ မြန်မာစာဖတ်သူတွေကို သိသင့်အတုယူသင့်တဲ့ အင်္ဂလိပ်စာထဲက အကြောင်းအရာမျိုးတွေရှာဖွေပြီး ကြိုးကြိုးစားစား ဘာသာပြန်ပေးနေတဲ့ ဘာသာပြန်စာရေးဆရာအမျိုးအစားပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် သူ့လက်ရာက အတော်ကောင်းပါတယ်။ မြန်မာစာ၊ မြန်မာစကားလည်း သန့်ပါတယ်။ တော်ပါတယ်။

AI(Artificial Intelligence) နဲ့ ဘာသာပြန်ထားတာမျိုးနဲ့စာရင် အတော်ကြီးကွာခြားပါတယ်။ အအေးနိုင်ကို အပြစ်မတင်ပါ။ ဒီထက် ပိုကောင်းအောင်တည်းဖြတ်မှုနဲ့ မြန်မာမှုပြုပါမှ စာဖတ်သူအတွက် အကျိုးရှိမှာပါ။ ဆရာကြီး ရွှေဥဒေါင်း(၁၈၈၉-၁၉၇၃)၊ ဆရာကြီးပီမိုးနင်း(၁၈၈၃-၁၉၄၀)တို့ စာပေလက်ရာများဟာ ရာစုခေတ်တစ်ခုကျော်လွန်ခဲ့ပေမယ့်လည်း ယနေ့အထိ စကားပြေဖတ်လို့ ချောနေတုန်းပဲ။ ကောင်းနေတုန်းပဲမဟုတ်လား။ အင်္ဂလိပ်စာကို ဖတ်တတ်ရုံနဲ့ ဘာသာပြန်မချောနိုင်သေးပါ။ မြန်မာစာပါတော်မှ ဘာသာပြန်ကောင်းဖြစ်ကြောင်း ဘာသာပြန်ဆရာ မြသန်းတင့်၊ နတ်နွယ်၊ မောင်ထွန်းသူ၊ မောင်မိုးသူ စတဲ့စာတွေကိုဖတ်ကြည့်လိုက်ရင် ဝတ္ထုတွေ့ရဲ့ အရသာကို သိရပါလိမ့်မယ်။ ထားပါတော့။ သူပေးတဲ့အမည်က **"ငွေ၏မာယာ"** တဲ့။

**❖ ငွေကြေးဥစ္စာချမ်းသာကြွယ်ဝခြင်း၊ မကြွယ်ဝခြင်းသည် ငွေပူနှင့်ငွေအေးခွဲခြားတတ်ဖို့တော့လိုပေတယ်။ နှိမ့်ချတတ်ဖို့လိုတယ်။ မာနမထောင်လွှားဖို့လိုပါတယ်။ ညဘက်မှာ ကောင်းကောင်းအိပ်ပျော်စေမယ့်နည်းလမ်းနဲ့သာ ငွေကိုစီမံခန့်ခွဲပါဆိုတာက မသမာမှု၊ လိမ်လည်မှု၊ အနိုင်ကျင့်မှု၊ ခိုးမှု၊ လုယက်မှု၊ ဓားပြတိုက်မှု၊ ငွေညှစ်မှု၊ လာဘ်စားမှု စသဖြင့်ဖြူဖြူစင်စင် သီလ၊ သမာဓိမရှိတဲ့ လုပ်ဆောင်မှုမျိုးတွေကို (ပြတ်ပြတ်သားသား)ရှောင်ရှားပါလို့ဆိုလိုခြင်းပါ။ ငွေရှာရင်းနဲ့ ဆင်းရဲနေကြတာ၊ မွဲနေကြတာ၊ ဘာကြောင့်လဲဆိုရင် (သီလကင်းမဲ့ပြီး) လမ်းလွဲနေကြလို့သာပဲ။ အသိရှိကြ၊ သတိရှိကြ။ ချမ်းသာချင်ရင် ငါးပါးသီလလောက်တော့ ခါးဝတ်ပုဆိုးလိုမြဲကြပါ။ ❖**

ငွေကြေးဆိုင်ရာ စိတ်ပညာစာအုပ်မူရင်းမှာ အခန်း (၂၀)ဖွဲ့စည်းရေးသားထားပါတယ်။ ကမ္ဘာပေါ်မှာ ရောင်းလို့အကောင်းဆုံးစာအုပ်ဖြစ်နေတာက ဝတ္ထုတိုလေးတွေ ထည့်ရေးထားသလို သာဓကနမူနာဖြစ်ရပ်များကို စိတ်ဝင်စားအောင် ထည့်ရေးတဲ့ အတတ်ပညာ၊ အနုပညာလည်းတော်လို့ပါ။ အခန်း (၁၉)မှာပါတဲ့ မူရင်းစာရေးသူ မော်ဂင်ဟောက်ဇ်ရဲ့ အကြံပြုချက်အနှစ်ချုပ်ကို အောက်ပါအတိုင်းတွေ့ရှိရပါတယ်။

**ဗဟုသုတ**

**၁။ အရာရာအဆင်ပြေနေတဲ့အခါ နှိမ့်ချတတ်ဖို့ကြိုးစားပါ။ အရာရာမှားယွင်းတဲ့အခါကျရင် ခွင့်လွှတ်တတ်ဖို့နဲ့ သနားကြင်နာတတ်ဖို့ ကြိုးစားပါ။**

**ဘာကြောင့်လဲဆိုတော့ အရာရာဟာအမြဲကောင်းနေတယ် သို့မဟုတ် အမြဲဆိုးနေတယ်ဆိုတာ မရှိပါဘူး။ ကမ္ဘာဟာ ကြီးမားပြီး ရှုပ်ထွေးပါတယ်။** ကံကောင်းခြင်းနဲ့ အန္တရာယ်ဟာ အမှန်တကယ်ရှိပြီး ခွဲခြားဖို့ခက်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်ဖြစ်ဖြစ် အခြားလူတွေကိုဖြစ်ဖြစ် အကဲဖြတ်တဲ့အခါ ဒီအချက်ကို သတိရပါ။ ကံကောင်းခြင်းနဲ့ အန္တရာယ်ရဲ့စွမ်းအားကို လေးစားတန်ဖိုးထားရင် **သင် တကယ်ထိန်းချုပ်နိုင်တဲ့အရာတွေအပေါ်ပဲ ပိုပြီးအာရုံစိုက်နိုင်မှာပါ။** ဒါဆိုရင် အတုယူစရာ စံပြပုဂ္ဂိုလ်တွေကို ရှာဖွေဖို့ အခွင့်အရေးပိုရလာပါလိမ့်မယ်။

**၂။ မာနနည်းလေ၊ ချမ်းသာမှုများလေပါ။**

ငွေစုဆောင်းရခြင်းဆိုတာ သင့်မာနနဲ့ သင့်ဝင်ငွေကြားက ကွာဟချက်ပဲဖြစ်ပါတယ်။ ချမ်းသာခြင်းဆိုတာ သင်မမြင်နိုင်တဲ့အရာပါ။ ဒါကြောင့် ချမ်းသာမှုကို ယနေ့ဝယ်ယူနိုင်တဲ့အရာတွေကို မဝယ်မိအောင် ထိန်းချုပ်ခြင်းဖြင့် အနာဂတ်မှာ ရွေးချယ်စရာတွေရအောင် ဖန်တီးပေးရပါတယ်။ သင့်ဝင်ငွေ ဘယ်လောက်များများပါ။ ပိုက်ဆံနဲ့ပျော်ပျော်ပါးပါး သုံးချင်တဲ့စိတ်ကိုမထိန်းချုပ်နိုင်ရင် ဘယ်တော့မှ ချမ်းသာကြွယ်ဝမှုကို ရမှာမဟုတ်ဘူး။

**၃။ ညဘက်မှာ ကောင်းကောင်းအိပ်ပျော်စေမယ့် နည်းလမ်းနဲ့ငွေကို စီမံခန့်ခွဲပါ။**

သင့်အတွက် အမြင့်ဆုံးအမြတ်ငွေရဖို့ ရည်မှန်းချက်ထားတာနဲ့ မိမိဝင်ငွေရဲ့ တစ်စိတ်တစ်ပိုင်းကို စုဖို့ ရည်မှန်းချက်ထားတာ မတူပါဘူး။ တချို့လူတွေဟာ အမြင့်ဆုံး အမြတ်ငွေမရရင် ညဘက်မှာ ကောင်းကောင်းအိပ်မပျော်ကြဘူး။ တချို့ကျတော့လည်း ပုံမှန်ရင်းနှီးမြုပ်နှံမှုလုပ်ထားမှ ညဘက်မှာ ကောင်းကောင်းအိပ်ပျော်ကြတယ်။ တစ်ဦးနဲ့တစ်ဦး မတူပါဘူး။ ဒါပေမဲ့ "ဒီနည်းက ငါ့ကို ညဘက်မှာ အိပ်ပျော်စေမလား"ဆိုတဲ့အခြေခံမှုက ငွေကြေးဆိုင်ရာဆုံးဖြတ်ချက်အားလုံးအတွက် အကောင်းဆုံးလမ်းညွှန်ချက်ပါပဲ။

**၄။ ပိုကောင်းတဲ့ ရင်းနှီးမြှုပ်နှံသူတစ်ယောက် ဖြစ်ချင်ရင် ရင်းနှီးမြှုပ်နှံမှု အချိန်ကိုတိုးမြှင့်ပါ။**

ရင်းနှီးမြှုပ်နှံမှုမှာ အချိန်ဟာ အစွမ်းထက်ဆုံးသော အရာဖြစ်ပါတယ်။ အချိန်က သေးငယ်တဲ့အရာတွေကို ကြီးမားစေပြီး ကြီးမားတဲ့ အမှားတွေကို မှေးမှိန်သွားစေပါတယ်။ ကံကောင်းခြင်းနဲ့ အန္တရာယ်ကို လုံးဝပျက်ပြယ်သွားအောင် မလုပ်နိုင်ပေမယ့် လူတွေရဲ့ကြိုးစားမှုနဲ့ လိုက်ဖက်တဲ့ရလဒ်တွေဆီ ပို့ဆောင်ပေးပါတယ်။

**၅။ ရင်းနှီးမြှုပ်နှံမှုမှာ အမှားတွေရှိတာကို လက်ခံပါ။**

ရင်းနှီးမြှုပ်နှံမှုတွေ လုပ်တဲ့အခါ မှားတာတွေ၊ အဆင်မပြေတာတွေ အများကြီးရှိလာနိုင်တယ်ဆိုတာကို လက်ခံထားရပါမယ်။ တကယ်တော့ တစ်ဝက်လောက် မှားနေရင်တောင် ချမ်းသာကြွယ်ဝနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရင်းနှီးမြှုပ်နှံမှုနည်းနည်းလေးကပဲ အကျိုးအမြတ် အများစုကို ဖြစ်ပေါ်စေတာကြောင့်ပါ။ ( အခန်း (၆) က Tail event ကို သတိရပါ။) သင်ဘယ်လိုပဲ ရင်းနှီးမြှုပ်နှံသည်ဖြစ်စေ၊ အဆင်မပြေတာ၊ အလုပ်မဖြစ်တာတွေ ရှိတယ်ဆိုတာကို လက်ခံထားနိုင်ရပါမယ်။ ဒါက လောကကြီးရဲ့ သဘာဝပဲဖြစ်ပါတယ်။ ဒါကြောင့် သင်ဘယ်လောက် အောင်မြင်သလဲဆိုတာကို တစ်ခုချင်းစီ ရင်းနှီးမြှုပ်နှံတာကို ကြည့်မယ့်အစား သင့်ရဲ့ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း (full portfolio) ကို ကြည့်ပြီး တိုင်းတာသင့်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုအများစုက မကောင်းပေမယ့် ထူးထူးခြားခြား ကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခု၊ နှစ်ခုလောက်ရှိတာက ပုံမှန်အားဖြင့် အကောင်းဆုံး အခြေအနေ (best-case scenario) ပဲဖြစ်ပါတယ်။

**၆။ သင့်အချိန်ကို ထိန်းချုပ်နိုင်ဖို့ ငွေကို အသုံးပြုပါ။**

သင့်အချိန်ကို မထိန်းချုပ်နိုင်ခြင်းဟာ ပျော်ရွှင်မှုကို အကြီးမားဆုံး ဟန့်တားနိုင်တဲ့ အရာဖြစ်လို့ပါ။ သင်လုပ်ချင်တာကို လုပ်ချင်တဲ့အချိန်မှာ တွဲလုပ်ချင်သူနဲ့ သင့်စိတ်ကြိုက်ကြာကြာလုပ်နိုင်စွမ်းဟာ ငွေကြေးလောကထဲက ရှိရှိသမျှထဲမှာ အမြင့်ဆုံး အကျိုးအမြတ်ကို ပေးပါတယ်။

**၇။ ကြွားဝါမှုကို လျော့ချပြီး ပိုမိုနူးညံ့ပါ။**

သင့်ပစ္စည်းတွေကို အခြားသူတွေက သင့်လောက် အားမကျကြပါဘူး။ သင်က အမိုက်စားကားတစ်စီး သို့မဟုတ် အဖိုးတန်လက်ပတ်နာရီတစ်လုံး လိုချင်နေတယ်လို့ ထင်ကောင်းထင်နိုင်ပါတယ်။ တကယ်တော့ သင်လိုချင်တာ အဲဒီပစ္စည်းတွေမဟုတ်ပါဘူး။ လူတွေရဲ့ လေးစားမှုနဲ့ အားကျနှစ်သက်သဘောကျမှုပါ။ အဲဒါတွေကို ပစ္စည်းတွေကို ပိုင်ဆိုင်ခြင်းဖြင့် ရမယ်လို့ထင်နေရင် အဲဒါမှားပါတယ်။ လူတွေရဲ့ လေးစားမှုနဲ့ အားကျနှစ်သက်သဘောကျမှုကို သင့်ရဲ့ကြင်နာစိတ်၊ ရိုးသားဖြူစင်

စာမျက်နှာ ၂၈ သို့ á

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**တမူး ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၂၅၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မြို့သစ်မြို့နယ်တွင် ၂၇၉ ဧက၊ တမူးမြို့နယ်တွင် ဧက ၃၈၀ နှင့် ခါမ်းပါတ်မြို့တွင် ၅၉၈ ဧက စုစုပေါင်း ၁၂၅၇ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင်ပြောင်းဖူးရေ ၁၄၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ တမူးခရိုင်မှာ ဖူးစားပြောင်း ၁၂၅၇ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး အသိပညာပေး ဆောင်ရွက်ခဲ့ပါတယ်" ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ပြောင်းသီးနှံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍သိရသည်။ (၂၀၆)

# ပုသိမ်မြို့နယ်တွင် ငါးပုတ်သင်များ အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် ဧပြီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ငါးပုတ်သင်များ ဝယ်လိုအား ကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းနေကြောင်း ပုသိမ်မြို့နယ် ငါးမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ် ငါးရောင်းဝယ်ရေးဈေးကွက်အတွင်း ယခုနှစ် ဧပြီလ ပထမပတ်မှစတင်ပြီး ယနေ့ထိ ဝယ်ယူအားကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးပုတ်သင်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ ပိုမိုအရောင်းအဝယ် ဖြစ်နေပါတယ်။ ငါးပုတ်သင်တွေ အရောင်းအဝယ် ကောင်းနေတာ စားသုံးတဲ့ သူများလာတာကြောင့်လို့ ယူဆပါတယ်။ ဒေသတွင်း ဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူမှုအားကောင်းနေပြီး အဓိကတော့ ရန်ကုန်ဈေးကွက်ကနေ ဒီဘက်ကတင်ပို့ ရောင်းချတဲ့ ငါးပုတ်သင်တွေ အဝယ်လိုက်လာလို့ပါ။ ဒေသပွဲရုံတွေဆီ ငါးပုတ်သင်တွေ ပုံမှန် ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ အခုလို ငါးပုတ်သင်တွေ မှာယူမှုအားကောင်းပြီး ကုန်တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်" ဟု ပုသိမ်မြို့နယ် ငါးမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ပုသိမ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးပုတ်သင်အပါအဝင် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျ စစ်ဆေးသန့်စင်ကာ ဖြန့်ဖြူးတင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပုတ်သင်တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ မှ ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ် ကျွန်းကြီးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဧပြီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ကျွန်းကြီးကျေးရွာအုပ်စု ကျွန်းကြီးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများကို ဧပြီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ကျွန်းကြီးတောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျွန်းကြီးတောင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၁၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၆ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျောက်တံခါးမြို့နယ် မိုးမခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်တံခါး ဧပြီ ၆**


ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ဇလုပ်ကျေးရွာအုပ်စု မိုးမခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို ဧပြီ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နွယ်နီအောင်က အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မိုးမခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၃ သန်း ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**



á စာမျက်နှာ ၂၇ မှအဆက်

မှုတို့ကသာ ရယူပေးနိုင်ပါတယ်။

**၈။ ငွေစုပါ။ စုနိုင်သရွေ့စုပါ။ ငွေစုဖို့အတွက် အကြောင်းပြချက်တွေ မလိုပါဘူး။**

ကားဝယ်ဖို့ သို့မဟုတ် အိမ်ပြုပြင်ဖို့ သို့မဟုတ် ဆေးကုသမှုခံယူဖို့ စတဲ့သတ်သတ်မှတ်မှတ် ရည်ရွယ်ချက်ထားပြီး ပိုက်ဆံစုတယ်ဆိုတာ ကောင်းပါတယ်။ ဒါပေမဲ့ သတ်သတ်မှတ်မှတ် ရည်ရွယ်ချက်မဟုတ်သော ခန့်မှန်းလို့မရနိုင်တဲ့ အရာတွေအတွက် ပိုက်ဆံစုခြင်းက ပိုက်ဆံစုဖို့အကောင်းဆုံး အကြောင်းပြချက်တွေထဲက တစ်ခုဖြစ်ပါတယ်။ လူတိုင်းရဲ့ဘဝမှာ အံ့ဩစရာ၊ မထင်မှတ်တာတွေနဲ့ကြုံတွေ့ပြီး ငွေအရေးတကြီးလိုအပ်တာမျိုး ဖြစ်လာနိုင်တယ်။ ဥပမာအရေးပေါ် ဆေးကုရတာ၊ အလုပ်ပြုတ်သွားတာ၊ အရေးပေါ်အိမ်ပြင်တာစတာတွေပါ။ သတ်သတ်မှတ်မှတ် ရည်ရွယ်ချက်မထားဘဲ စုထားတဲ့ပိုက်ဆံဟာ သင့်အခြေအနေ အဆိုးဆုံးအချိန်မှာ ကယ်တင်ရှင်ဖြစ်လာပါလိမ့်မယ်။

**၉။ အောင်မြင်မှုရဲ့ တန်ဖိုးကို သတ်မှတ်ပြီး အဲဒါကို ပေးဆပ်ဖို့ အသင့်ပြင်ထားပါ။**

ဘာကြောင့်လဲဆိုတော့ လောကမှာ ဘယ်အရာကိုမှ အလကားမရပါဘူး။ ငွေကြေးကုန်ကျစရိတ်အများစုမှာ မြင်နိုင်တဲ့ ဈေးနှုန်းတံဆိပ်ကပ်မထားဘူး။ မသေချာမှု၊ သံသယနဲ့ နောင်တတွေဟာ ငွေကြေးလောကရဲ့သာမန်ကုန်ကျမှုတွေပါ။ ဒါပေမဲ့ ဒါတွေကို ဒဏ်ကြေး(သင်ရှောင်ရှားသင့်တဲ့ ပြစ်ဒဏ်အတွက်)လို့မမြင်ဘဲ ရင်းနှီးမြှုပ်နှံမှု(ကောင်းမွန်တဲ့အရာတစ်ခုကိုပြန်ရဖို့အတွက် ပေးရတဲ့တန်ဖိုး)လို့မြင်ရပါမယ်။

**၁၀။ မှားနိုင်ခြေအတွက် နေရာ(room for error) ကို ကိုးကွယ်ပါ။**

အနာဂတ်မှာဖြစ်လာနိုင်တဲ့ အရာတွေနဲ့ သင်ကောင်းစွာ အလုပ်လုပ်နိုင်ဖို့အတွက် ဖြစ်ကိုဖြစ်ရမယ့် အရာတွေကြားက ကွာဟချက်က သင့်ကို ခံနိုင်ရည်ပေးပါတယ်။ ဒီခံနိုင်ရည်ကပဲ အချိန်ကြာလာတာနဲ့အမျှနှစ်ထပ်တိုး (compounding) ဆိုတဲ့ မှော်ဆန်တဲ့အရာကို ဖြစ်လာစေပါတယ်။ မှားနိုင်ခြေအတွက်နေရာ (room for error)ဟာ ရှေးရိုးစွဲကာကွယ်မှုတစ်ခုလို့ထင်ရပေမယ့် သင့်ကို ကစားကွင်းထဲ ဆက်ရှိနေစေတာမို့ သူ့တန်ဖိုးက အဆပေါင်းများစွာ ပြန်ပေးပါလိမ့်မယ်။

**၁၁။ ငွေကြေးဆုံးဖြတ်ချက်မှာ အစွန်းရောက်ခြင်းကို ရှောင်ပါ။**

လူတိုင်းရဲ့ရည်မှန်းချက်နဲ့ လိုအင်ဆန္ဒတွေဟာ အချိန်နဲ့အမျှ ပြောင်းလဲနေပါတယ်။ သင့်ရဲ့အတိတ်က အစွန်းရောက်ဆုံးဖြတ်ချက်များက အချိန်ကြာလာတာနဲ့အမျှ သင့်ကိုပိုပြီးနောင်တရစေနိုင်ပါတယ်။

**၁၂။ စွန့်စားမှုကို နှစ်သက်သဘောကျသင့်တယ်။**

ဘာကြောင့်လဲဆိုတော့ စွန့်စားမှုဟာ ရေရှည်မှာ အကျိုးအမြတ်များများ ပေးစွမ်းနိုင်လို့ပါ။ သင့်အနေနဲ့ စွန့်စားမှုတွေ လုပ်နိုင်ပါတယ်။ ဒါပေမယ့် သင့်ကို ကြီးမားတဲ့အန္တရာယ်ဖြစ်စေမယ့် စွန့်စားမှုမျိုး (ဥပမာ Russian rou lette လိုမျိုး) ကို မလုပ်သင့်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သင်ဟာ ဆုံးရှုံးမှုအကြီးကြီးနဲ့ ကြုံတွေ့လိုက်ရင် အနာဂတ်မှာ စွန့်စားမှုလုပ်ဖို့ ကြောက်သွားစေနိုင်ပါတယ်။

**၁၃။ သင်ကစားနေတဲ့ ဂိမ်းကို သတ်မှတ်ပါ။**

သင့်လုပ်ဆောင်မှုတွေဟာ မတူညီတဲ့ဂိမ်းကစားနေတဲ့ လူတွေရဲ့ လွှမ်းမိုးမှုမခံရဖို့ သေချာပါစေ။ တခြားသူတွေရဲ့ ဩဇာလွှမ်းမိုးမှုတွေကြောင့် သင့်ရည်မှန်းချက်ပန်းတိုင် ပျောက်သွားနိုင်ပါတယ်။

**၁၄။ ပရမ်းပတာဖြစ်မှုကို လေးစားပါ။**

ဉာဏ်ကောင်းတယ်၊ ဗဟုသုတကြွယ်တယ်၊ ကျိုးကြောင်းဆီလျော်စွာ တွေးတတ်တယ်ဆိုတဲ့ လူတွေတောင် ငွေကြေးကိစ္စတွေမှာ သဘောထားကွဲလွဲနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေမှာ မတူညီတဲ့ရည်မှန်းချက်တွေနဲ့ ဆန္ဒတွေရှိနေလို့ပါပဲ။ မှန်ကန်တဲ့တစ်ခုတည်းသောအဖြေဆိုတာ မရှိပါဘူး။ သင့်အတွက် အလုပ်ဖြစ်မယ့် အဖြေပဲရှိပါတယ်။

**နိဂုံး**

ငွေကြေးဥစ္စာချမ်းသာကြွယ်ဝခြင်း၊ မကြွယ်ဝခြင်းသည် ငွေပူနှင့်ငွေအေးခွဲခြားတတ်ဖို့တော့လိုပေတယ်။ နိမ့်ချတတ်ဖို့လိုတယ်။ မာနမထောင်လွှားဖို့လိုပါတယ်။ညာဘက်မှာကောင်းကောင်းအိပ်ပျော်စေမယ့် နည်းလမ်းနဲ့သာ ငွေကိုစီမံခန့်ခွဲပါဆိုတာက မသမာမှု၊ လိမ်လည်မှု၊ အနိုင်ကျင့်မှု၊ ခိုးမှု၊ လုယက်မှု ခားပြတိုက်မှု၊ ငွေညှစ်မှု၊ လာဘ်စားမှု စသဖြင့် ဖြူဖြူစင်စင် သီလ၊ သမာဓိမရှိတဲ့ လုပ်ဆောင်မှုမျိုးတွေကို (ပြတ်ပြတ်သားသား)ရှောင်ရှားပါလို့ဆိုလိုခြင်းပါ။ ငွေရှာရင်းနဲ့ ဆင်းရဲနေကြတာ၊ မွဲနေကြတာ၊ ဘာကြောင့်လဲဆိုရင် (သီလကင်းမဲ့ပြီး)လမ်းလွဲနေကြလို့သာပဲ။ အသိရှိကြ၊ သတိရှိကြ။ ချမ်းသာချင်ရင် ငါးပါးသီလလောက်တော့ ခါးဝတ်ပုဆိုးလိုမြဲကြပါ။ စောင့်ကြပါလို့ စာရေးသူကပန်ကြားချင်ပါတယ်။ ချမ်းသာကြပါစေ၊ ဘေးဘယာဝေးကွာကြပါစေ။

# ကမ္ဘာ့ကျန်းမာရေးနေ့မှသည် ရေရှည်တည်တံ့သော လူမှုဘဝဆီသို့

ဘုန်းမြတ်

လူသားတိုင်းအတွက် ကျန်းမာရေးသည် အခြေခံအကျဆုံးသော လိုအပ်ချက်တစ်ခုဖြစ်သည်။ ရောဂါဘယကင်းဝေးကာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာနေမှုသည် လူတစ်ဦးချင်းစီ၏ ဘဝအရည်အသွေးကို ဆုံးဖြတ်ရုံသာမက မိသားစု၊ လူမှုအသိုင်းအဝိုင်း၊ နိုင်ငံတော်နှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။ ယနေ့ခေတ်ကမ္ဘာကြီးသည် နည်းပညာ၊ စီးပွားရေးနှင့် လူမှုဆက်သွယ်ရေးတွင် ပြောင်းလဲမှုများကို ဖြတ်သန်းနေရချိန်၌ ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများသည်လည်း ပိုမိုရှုပ်ထွေးလာပါသည်။ ကူးစက်ရောဂါအသစ်များ ပေါ်ပေါက်ခြင်း၊ လူနေမှုပုံစံပြောင်းလဲမှုကြောင့် ဖြစ်ပွားလာသော နာတာရှည်ရောဂါများ မြင့်တက်လာခြင်း၊ စိတ်ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းများ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့သည် လူသားအားလုံး၏ကျန်းမာရေးကိုခြိမ်းခြောက်လျက်ရှိသည်။

ထို့ကြောင့် ကျန်းမာရေးသည် လူတစ်ဦးချင်း၏ တာဝန်သက်သက်မဟုတ်တော့ဘဲ နိုင်ငံတကာ အသိုင်းအဝိုင်း၏ စုပေါင်းဆောင်ရွက်မှု၊ ရေရှည်တည်တံ့သော မူဝါဒများနှင့် မျှတသော အရင်းအမြစ်ခွဲဝေမှု လိုအပ်သည့် ကမ္ဘာ့အရေးကိစ္စတစ်ခုဖြစ်လာသည်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ယနေ့အခြေအနေ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကို ၁၉၄၈ ခုနှစ် ဧပြီ ၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ သက်တမ်း ၇၈ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်မှစ၍ ယနေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်အခမ်းအနားများ ကျင်းပလျက်ရှိသည်။ ထိုအခမ်းအနားများတွင်လက်ရှိဖြစ်ပေါ်နေသော အခြေအနေကိုလိုက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို အများပြည်သူသိရှိစေရန် ရည်ရွယ်ကျင်းပလျက်ရှိပါသည်။ မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း လူသန်းပေါင်းများစွာ၏ ကျန်းမာရေး အခွင့်အရေး သည် ရောဂါဘယများ၊ ကပ်ရောဂါများ၊ စစ်ပွဲများ၊ ပဋိပက္ခများ၊ ရာသီဥတု ဖောက်ပြန်မှုနှင့် လေထုညစ်ညမ်းမှုတို့ကြောင့် ကြီးမားသော ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် ကျန်းမာရေးကို အခြေခံဥပဒေတွင် အသိအမှတ်ပြုထားသော်လည်း ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော် (၄ ဒသမ ၅ ဘီလီယံ) သည် လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုကို လုံလောက်စွာမရရှိသေးကြောင်း သိရသည်။

**မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုများ**

မိမိတို့နိုင်ငံတွင် "တစ်မျိုးသားလုံး အသက်ရှည် ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ဟူသည့် လူမှုရေးဦးတည်ချက်အရ သက်ဆိုင်ရာဌာနများ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ ပရဟိတအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာ၌ ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးအတွက် ဘဝတစ်သက်တာ ကျန်းမာရေးစောင့်ရှောက်မှုပုံစံ (Life Cycle Approach) ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်လျက်ရှိခြင်း၊ အရည်အသွေးပြည့်ဝသော ကုသစောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ အသက်သွေးကြောသဖွယ်ဖြစ်သော ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ စနစ်တကျမွေးထုတ်ခြင်း၊ ကျန်းမာရေးစနစ်တောင့်တင်းခိုင်မာရေးအတွက် အထောက်အကူပြုသုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိခြင်း၊ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် နေထိုင်သည့် ၇၀ ရာခိုင်နှုန်းသော ပြည်သူများ၏ အားကိုး၊ အားထားရာတစ်ခုဖြစ်သော မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထု၏ အခြေခံကျန်းမာရေးကို ထိရောက်စွာစောင့်ရှောက်ပေးလျက်ရှိခြင်း၊ နေ့စဉ်သုံးစွဲနေရသည့် အစားအသောက်၊ ဆေးဝါးကွပ်ကဲရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိခြင်းနှင့် အစားအသောက်နှင့် ဆေးဝါးဆိုင်ရာ လုပ်ငန်းများသည် နိုင်ငံတော်က အထူးအားပေးဆောင်ရွက်လျက်ရှိသည့် MSME ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိ၍ အဆိုပါလုပ်ငန်းများကို မြန်ဆန်၍ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးတို့ကို ဦးစားပေး၍ ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ပြည်သူလူထု၏ အခန်းကဏ္ဍ**

ကျန်းမာရေးသည် လူတိုင်း၏အခွင့်အရေးဖြစ်ပြီး ယင်းအခွင့်အရေးကို လူတိုင်းခံစားနိုင်ရန် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အဓိကသော့ချက်ဖြစ်သည်။ ကူးစက်ရောဂါများ နှိမ်နင်းရေး၊ မကူးစက်နိုင်သော ရောဂါများဆိုင်ရာ အသိပညာပေးရေး၊ ပြည်တွင်းပဋိပက္ခများရပ်ဆိုင်းရေး၊ လေထုညစ်ညမ်းမှုလျှော့ချရေးတို့တွင် ပြည်သူတိုင်း၏ အင်တိုက်အားတိုက်ပါဝင်မှုဖြင့်သာ လျင်မြန်စွာ အောင်မြင်မှု ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးအတွက် ခြိမ်းခြောက်နေသော အခြေခံအကြောင်းတရားများကို ဖယ်ရှားနိုင်ရန် လူတိုင်း မိမိ၏တာဝန်ကိုကျေပွန်စွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

**ရေရှည်တည်တံ့သော ကျန်းမာရေးအနာဂတ် ဖော်ဆောင်ရေး အခြေခံအချက်များ**

ကျန်းမာရေးအတွက် ရေရှည်တည်တံ့သော အနာဂတ်တစ်ခုတည်ဆောက်ခြင်းသည် လက်ရှိမျိုးဆက်နှင့် နောင်လာမည့်မျိုးဆက်များ၏ ကောင်းကျိုးချမ်းသာအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ယင်းသည် ကျန်းမာရေးစောင့်ရှောက်မှု စနစ်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူနေမှုဘဝပုံစံများကို ဘက်စုံပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်။ ကျန်းမာရေးစနစ်၏ ရေရှည်တည်တံ့မှုအတွက် ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကို ဗဟိုပြု၍ ရောဂါဖြစ်ပွားခြင်းမတိုင်မီကတည်းက ကြိုတင်ကာကွယ်နိုင်မည့် အမျိုးသားအဆင့် ကျန်းမာရေးမူဝါဒများ ချမှတ်ရန်လိုအပ်ခြင်း၊ မွေးကင်းစမှစ၍ သက်ကြီးရွယ်အိုထိ ဘဝတစ်လျှောက်လုံးခံယူရမည့် ကာကွယ်ဆေးထိုးခြင်း၊ ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်း၊ အာဟာရပြည့်ဝမျှတအောင် စားသုံးခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုကို အားပေးမြှင့်တင်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ဆောင်မှုများ သုံးစွဲခွင့်တွင် မညီမျှမှုများကို ဖြေရှင်းရန် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲသောဒေသများသို့ ဆေးဝါးနည်းပညာ၊ မိုဘိုင်းဆေးခန်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ဖြန့်ကျက်ထားရှိခြင်းဖြင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

❖ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ကို ၁၉၄၈ ခုနှစ်ဧပြီ ၇ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ သက်တမ်း ၇၈ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်မှစ၍ ယနေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့ အဖြစ်သတ်မှတ်ကာ နှစ်စဉ်အခမ်းအနားများ ကျင်းပလျက်ရှိသည်။ ထိုအခမ်းအနားများတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေကို လိုက်၍ ကျန်းမာရေးဆိုင်ရာအသိပညာဗဟုသုတများကို အများပြည်သူ သိရှိစေရန် ရည်ရွယ်ကျင်းပလျက်ရှိပါသည်။ မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း လူသန်းပေါင်းများစွာ၏ ကျန်းမာရေးအခွင့်အရေးသည် ရောဂါဘယများ၊ ကပ်ရောဂါများ၊ စစ်ပွဲများ၊ ပဋိပက္ခများ၊ ရာသီဥတု ဖောက်ပြန်မှုနှင့် လေထုညစ်ညမ်းမှုတို့ကြောင့် ကြီးမားသော ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည်။ ❖

ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အမျိုးသားဘတ်ဂျက်တွင် လုံလောက်သော ရန်ပုံငွေခွဲဝေချထားရန်၊ အာမခံစနစ်ကို ခိုင်မာစေရန်နှင့် ဆေးဝါးကုန်ကျစရိတ်များကို ထိန်းချုပ်ရန်လိုအပ်ပြီး လူမှုစီးပွားရေးဆိုင်ရာ အကြောင်းတရားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ပညာရေးအခွင့်အလမ်းမြှင့်တင်ရေး၊ အလုပ်အကိုင် ဖန်တီးရေး၊ လုံလောက်သော ဝင်ငွေရရှိရေးနှင့် လုံခြုံစိတ်ချရသော အိမ်ရာရရှိရေးတို့သည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကို တိုက်ရိုက်သက်ရောက်မှုရှိသည့်အတွက် လူမှုဖူလုံရေးကွန်ရက်ကို အားကောင်းစေပြီး အားနည်းချက်ရှိသူများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ကျား၊ မ တန်းတူညီမျှမှုကိုလည်း အလေးထားရမည်ဖြစ်၍ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် မျိုးပွားကျန်းမာရေးဝန်ဆောင်မှုများ၊ ပညာရေးအခွင့်အလမ်းများနှင့် စီးပွားရေးလုပ်ကိုင်ခွင့်များ အပြည့်အဝရရှိစေရန် ဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွင် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေဆီလွှာညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် လူသားတို့၏ ကျန်းမာရေးကို ပြင်းထန်စွာ ခြိမ်းခြောက်လျက်ရှိရာ စိမ်းလန်းသောစွမ်းအင်သုံးစွဲမှုကိုမြှင့်တင်ခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးခြင်း၊ မြို့ပြစီမံကိန်းတွင် အစိမ်းရောင်နေရာများထည့်သွင်းခြင်း၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ် ကောင်းမွန်အောင်ဆောင်ရွက်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစေခြင်းတို့သည် ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေသော ပတ်ဝန်းကျင်ဆိုင်ရာအချက်များကို လျှော့ပါးစေမည်ဖြစ်သည်။

နည်းပညာနှင့် ဆန်းသစ်တီထွင်မှုအနေဖြင့် ဒစ်ဂျစ်တယ်ကျန်းမာရေးနည်းပညာ၊ ဉာဏ်ရည်တုအခြေပြု ရောဂါရှာဖွေရေးစနစ်များ၊ ဝတ်ဆင်နိုင်သော ကျန်းမာရေးစောင့်ကြည့်ကိရိယာများသည် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်၊ တိကျ၊ သုံးစွဲရလွယ်ကူစေပြီး ဆေးသုတေသနနှင့် ဇီဝနည်းပညာတိုးတက်မှုများသည် ယခင်က ကုသ၍မရသောရောဂါများအတွက် ကုသမှုအသစ်များ ဖော်ထုတ်နိုင်ကာ လူနာတစ်ဦးချင်းစီ၏ လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်သည်။

ပညာရေးနှင့် ကျန်းမာရေးအသိပညာပေးခြင်းကို ကျောင်းများတွင် ပင်မသင်ရိုးအဖြစ် ထည့်သွင်းသင်ကြားခြင်း၊ လူမှုအသိုင်းအဝိုင်းအခြေပြု ကျန်းမာရေးအသိပညာပေး လှုပ်ရှားမှုများဆောင်ရွက်ခြင်း၊ မီဒီယာများမှတစ်ဆင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်မှန်များဖြန့်ဝေခြင်းတို့ဖြင့် လူထုအတွင်း ကျန်းမာရေးတတ်မြောက်မှုကို မြှင့်တင်နိုင်ပြီး လူတို့သည် မိမိတို့၏ စားသောက်မှုပုံစံ၊ ကိုယ်လက်လှုပ်ရှားမှု၊ စိတ်ဖိစီးမှုစီမံခန့်ခွဲမှု၊ အန္တရာယ်ရှိသော အလေ့အထများကို ရှောင်ရှားခြင်းစသည့် နေ့စဉ်ဘဝဆောင်ရွက်ချက်များဖြင့် မိမိတို့၏ကျန်းမာရေးကို သိသိသာသာ သက်ရောက်မှုရှိစေနိုင်သည်ကို နားလည်သဘောပေါက်လာပါက ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စီမံအုပ်ချုပ်မှုတွင် ကူးစက်ရောဂါများ၊ ပဋိဇီဝဆေးယဉ်ပါးမှု၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကျန်းမာရေးသက်ရောက်မှုများကဲ့သို့သော နယ်နိမိတ်ဖြတ်ကျော်သည့် ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တစ်နိုင်ငံတည်းက ဖြေရှင်း၍မရနိုင်သည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၏ဦးဆောင်မှုဖြင့် နိုင်ငံများအကြား ကျန်းမာရေးအချက်အလက်မျှဝေခြင်း၊ သုတေသနရလဒ်များပူးပေါင်းဖော်ဆောင်ခြင်း၊ အရေးပေါ်ကျန်းမာရေးဆိုင်ရာ အကူအညီများ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာဥပဒေများ ချမှတ်အားကောင်းစေခြင်းတို့သည် ကမ္ဘာ့လူသားအားလုံး၏ ကျန်းမာရေးလုံခြုံမှုကို အာမခံနိုင်မည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် ကျန်းမာရေးအတွက် ရေရှည်တည်တံ့သော အနာဂတ်တစ်ခုတည်ဆောက်နိုင်ခြင်းသည် ကျန်းမာရေးစနစ်၏ခိုင်မာမှု၊ လူမှုစီးပွားရေးတန်းတူညီမျှမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု၊ နည်းပညာဆန်းသစ်တီထွင်မှု၊ ပညာရေးနှင့် အသိပညာပေးမှု၊ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဟူသည့် အစိတ်အပိုင်းခြောက်ရပ်၏ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု လိုအပ်သည့် ရှုပ်ထွေးနက်နဲသော လုပ်ငန်းစဉ်ဖြစ်သည်။ ယင်းအစိတ်အပိုင်းများကို ဟန်ချက်ညီညီပေါင်းစပ် အကောင်အထည်ဖော်နိုင်မှသာ လက်ရှိမျိုးဆက်နှင့် နောင်လာမည့်မျိုးဆက်များအတွက် ကျန်းမာချမ်းသာပြီး ရေရှည်တည်တံ့သော အနာဂတ်ကို အမွေဆက်ခံနိုင်မည်ဖြစ်ပြီး လူသားအားလုံး၏ အခြေခံအခွင့်အရေးဖြစ်သည့် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်နိုင်ခွင့်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- မြန်မာ့အလင်း(၇-၄-၂၀၂၄)
- ကြေးမုံ(၈-၄-၂၀၂၃)

## အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့် (ပုံစံ-၇) ရရှိခဲ့သူများ သိရှိနိုင်ရန် ကြေညာချက်

ရက်စွဲ။ ၇-၄-၂၀၂၆

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် Mandalay Business Capital City Development Ltd., တို့သည် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မန္တလေးမြို့ ရေကြီးရေလျှံမှုလျော့ချနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ချုပ်ဆိုခဲ့ပြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ကို ၂၀၁၇ ခုနှစ်တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းဧရိယာအတွင်း စီမံကိန်းနှင့် သက်ဆိုင်ခြင်းမရှိသောလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိကြောင်း ညွှန်ကြားချက်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုး လုပ်ကိုင်ခွင့်များကို မြေ(၁ ဧက)လျှင် ကျပ်သိန်း(၁၅၀၀)နှုန်းဖြင့် သတ်မှတ်ဝယ်ယူပေးခြင်းနည်းလမ်းနှင့်လည်းကောင်း၊ စီမံကိန်းဧရိယာအတွင်း မြို့မြေကွက်များဖြင့် စီမံကိန်းစာချုပ်ပါအတိုင်း လဲလှယ်ပေးခြင်းနည်းလမ်းနှင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါသည်။ အဆိုပါနည်းလမ်းများနှင့် ဆောင်ရွက်ခဲ့ရာ စီမံကိန်းဧရိယာ၏ (၈၅%)ခန့် ဆောင်ရွက်ပြီးမြောက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ အနက် အကြောင်းအမျိုးမျိုးတို့ကြောင့် လာရောက်ရောင်းချခြင်း၊ စီမံကိန်းတွင်ပေါ်ထွက်လာမည့် မြို့မြေကွက်များနှင့် စီမံကိန်းစာချုပ်ပါအတိုင်း လာရောက်လဲလှယ်ခြင်း ဆောင်ရွက်ရန်ကျန်ရှိနေသူများအား မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့်များအတွက် ပြန်လည်ရရှိမည့် ငွေကြေး (သို့မဟုတ်) စီမံကိန်းမြို့မြေကွက်များ လာရောက်ရယူနိုင်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူ ပြုကော်မတီက (၁၅.၉.၂၀၂၃)ရက်နေ့တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ (၁၈.၁.၂၀၂၄)ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ (၁၁.၁၁.၂၀၂၄)ရက်နေ့တွင် တတိယအကြိမ်အဖြစ်လည်းကောင်း၊ (၁၆.၃.၂၀၂၅) ရက်နေ့တွင် စတုတ္ထအကြိမ်အဖြစ်လည်းကောင်း၊ သတင်းစာများတွင် ကြေညာပေးခြင်း၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာချက်ဗီနိုင်းများကပ်ပြီး အသိပေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ ထို့အပြင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီမှ ဖွဲ့စည်းပေးခဲ့သည့် မြေယာဝယ်ယူရေးနှင့် မြို့မြေစလစ်လဲလှယ်ရေးဆပ်ကော်မတီအနေဖြင့် စီမံကိန်းဧရိယာအတွင်းရှိ မြေယာများ လာရောက်ရောင်းချရန် ကျန်ရှိသူများ၊ မြို့မြေကွက်လဲလှယ်ရန် ကျန်ရှိသူများအား (၁၁.၄.၂၀၂၄)ရက်နေ့မှ (၁၃.၇.၂၀၂၄)ရက်နေ့အတွင်း (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ) (၆)ကြိမ် ခေါ်ယူတွေ့ဆုံခဲ့ပြီးဖြစ်ပါသည်။

၅။ ယခုအခါ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိပြီး သတ်မှတ်တန်ဖိုးငွေ လာရောက်ထုတ်ယူရန် (သို့မဟုတ်) မြို့မြေကွက်များနှင့် လာရောက်လဲလှယ်ရန် ကျန်ရှိနေသည့် ကွင်းအမှတ် (၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁(ရွှေကြက်ယက်))အတွင်းရှိ ပုံစံ(၇) ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသည့် စုစုပေါင်းဧရိယာ (၄၈၅.၅၀)ဧက၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပယ်ဖျက်ရုပ်သိမ်းခဲ့ပြီးဖြစ်သည့်အတွက် ပိုင်ဆိုင်မှုအထောက်အထားရှိသူများအနေဖြင့် မိမိတို့၏ စိုက်ပျိုးလုပ်ကိုင်ခွင့် စာရွက်စာတမ်းမူရင်းများဖြင့် အမရပူရမြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီထံ ယခုကြေညာသည့်ရက်မှ ရက်ပေါင်း(၉၀)အတွင်း (၆.၇.၂၀၂၆ ရက်နေ့နောက်ဆုံးထား၍) သတ်မှတ်နှုန်းထားငွေကြေးသော်လည်းကောင်း၊ စီမံကိန်းစာချုပ်ပါအတိုင်း စီမံကိန်းမှပေါ်ထွက်လာမည့် မြို့မြေကွက်သော်လည်းကောင်း ရယူ/ထုတ်ယူနိုင်ရန် နောက်ဆုံးအကြိမ် အသိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ**

**ဆက်သွယ်ရန်**

- ခရိုင်အုပ်ချုပ်ရေးမှူး၊ အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
  ဖုန်းနံပါတ် (၀၉-၂၀၀၉၅၅၆)
- အတွင်းရေးမှူး၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၂၀၀၉၅၅၆)
- အဖွဲ့ဝင်၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၉၆၉၉၈၈၀၁၁ / ၀၉-၉၆၉၉၈၈၈၉၇)


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဗန်းမောက် ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၃၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဗန်းမောက်မြို့နယ်မှာ နေကြာ ၁၃၃၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံနေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းများ ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

## တောင်တွင်းကြီးမြို့နယ် ချင်းကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**တောင်တွင်းကြီး ဧပြီ ၆**


မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းသွင်းလေးကျေးရွာအုပ်စု ချင်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၅ ရက် ညနေပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးသီတာက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးသီတာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ကျေးရွာနေပြည်သူလူထုများ သဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ချင်းကုန်းကျေးရွာ၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထုထည့်ဝင် ငွေကျပ် သိန်း ၅၀ စုစုပေါင်းငွေကျပ် သိန်း ၂၀၀ အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရက် ၁၀၀ အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(VDP)ကို အပြီးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးသီတာက ပြောပြ၍ သိရသည်။ နွဲ့ယဉ်

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ်**
**အောက်တွင်ခံခွက် မမေ့နှင့်**




နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## စွယ်တော်မြတ်စေတီတော်(မန္တလေး) အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ ၂၀၂၆/၂၀၂၇ ခုနှစ်အတွက် ဖော်ပြပါ လုပ်ငန်းများကို အိတ်ဖွင့်လေလံခေါ်ယူသွားမည်ဖြစ်ပါ၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများသည် အောက်ပါအစီအစဉ်အတိုင်း လေလံလျှောက်လွှာများ ဝယ်ယူတင်သွင်းနိုင်ကြပါသည်။

၂။ <u>လေလံလုပ်ငန်းများအမည်</u>

(က) ဘုရားပန်းရောင်းချခြင်းလုပ်ငန်း

( ခ ) ယာဉ်အပ်နှံခ ကောက်ခံခြင်းလုပ်ငန်း

( ဂ ) ခိုစာ၊ ငါးစာ ရောင်းချခြင်းလုပ်ငန်း

(ဃ) ဖိနပ်အပ်နှံခ ကောက်ခံခြင်းလုပ်ငန်း

( င ) သန့်စင်ခန်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း

၃။ <u>လေလံလျှောက်လွှာဝယ်ယူတင်သွင်းရန်ကာလ</u>

(၇-၄-၂၀၂၆)ရက်မှ (၁၉-၄-၂၀၂၆)နေ့ ညနေ(၄)နာရီအတွင်း

၄။ <u>လေလံလျှောက်လွှာဝယ်ယူတင်သွင်းရန်နေရာ</u>

ဂေါပကအဖွဲ့ရုံး၊ စွယ်တော်မြတ်စေတီတော်(မန္တလေး)

နတ်ရေကန်အုပ်စု၊ အမရပူရမြို့နယ်၊ အမရပူရခရိုင်၊ မန္တလေးတိုင်းဒေသကြီး။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဂေါပကအဖွဲ့ရုံးသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံခေါ်ယူရေးအဖွဲ့
စွယ်တော်မြတ်စေတီတော်(မန္တလေး)
၀၉-၇၉၇၅၅၅၅၅၆၊ ၀၉-၇၅၇၇၆၈၄၄၃

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ မောင်ထွန်းဦး (ဘ) ဦးရန်ကျုံးရှင်း(၁၃/လရန(နိုင်)၂၁၉၇၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-524077) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-681824631





**သစ်တော မှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်တည်ဆောက်ရာတွင် အာကာသသိပ္ပံပညာနှင့် အသုံးချနည်းပညာများသည် တစ်နေ့တခြားပိုမိုအရေးပါလာသည်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံတွင် အာကာသနည်းပညာများ ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ပြုလုပ်သော အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်စဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် ဧပြီ ၆

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာလာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကို ကိုင်၍ ကတိသစ္စာခံယူကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း၊ အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

စာမျက်နှာ - ၁၈

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

စာမျက်နှာ - ၁၇

တပ်မတော်စစ်ကြောင်းများက PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် အင်တိုင်းကျေးရွာတို့ကို ပြန်လည်သိမ်းပိုက်ရရှိ၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက အဆိုပါဓာတ်အားပေးစက်ရုံနှင့် အင်တိုင်းကျေးရွာတို့ကို မီးရှို့ဖျက်ဆီးပြီး ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့

စာမျက်နှာ - ၂၅

## ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီ ၁၃ ရက် (တနင်္လာနေ့)မှ ဧပြီ ၁၈ ရက် (စနေနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက် (တနင်္ဂနွေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

## စက်သုံးဆီများဖြန့်ဖြူးရောင်းချပေးနေသည့်အခြေအနေ အသိပေးထုတ်ပြန်

နိုင်ငံတော်၏ စွမ်းအင်သုံးစွဲမှုတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဓာတ်ငွေ့ရည် (LPG) စသည့် ရေနံထွက်ပစ္စည်းများသည် ၂၉ ရာခိုင်နှုန်းပါဝင်ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အဓိကအသုံးပြုလျက်ရှိပါသည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် သုံးစွဲနေသည့် ဓာတ်ဆီ၊ ဒီဇယ်ဆီများ၏ ၉၇ ရာခိုင်နှုန်းသည် ပြည်ပမှ ဝယ်ယူတင်သွင်းနေရခြင်းဖြစ်သည့်အတွက် ယခုကဲ့သို့ ကမ္ဘာတစ်ဝန်း စက်သုံးဆီအခက်အခဲများဖြစ်ပေါ်လာချိန်တွင် ဝယ်ယူတင်သွင်းမှုကို အားပြုနေရသည့် မိမိတို့ကဲ့သို့နိုင်ငံများအနေဖြင့် လွန်စွာခက်ခဲစေသည့်အခြေအနေတစ်ရပ်ကို ရင်ဆိုင်နေကြရပါသည်။

နိုင်ငံတော်အနေဖြင့် စက်သုံးဆီအခက်အခဲကို ဖြေရှင်းရန်အတွက် စီမံခန့်ခွဲမှုနည်းလမ်းများ၊ ဒစ်ဂျစ်တယ်နည်းပညာအခြေပြုရောင်းချသည့်စနစ်များဖြင့် ကြပ်မတ်ထိန်းကျောင်းလျက်ရှိရာ နိုင်ငံတော်၏ စက်သုံးဆီတင်သွင်းမှု၊ ဖြန့်ဖြူးရောင်းချမှုတို့သည် စည်းစနစ်မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ပြီး စက်သုံးဆီသုံးစွဲမှုကို သိသာစွာလျှော့ချနိုင်ခဲ့ပါသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ ယနေ့ထိ စာရင်းများအရ နေ့စဉ်ပျမ်းမျှ စက်သုံးဆီသုံးစွဲမှုသည် ၃ ဒသမ ၅၄ ဂါလန်သန်းမှ ၂ ဒသမ ၅ ဂါလန်သန်းသို့ ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ ယင်းသို့ နေ့စဉ်ပျမ်းမျှသုံးစွဲမှုနှုန်း ၂၉ ရာခိုင်နှုန်းလျှော့ချနိုင်ခြင်းသည် တစ်ရက်လျှင် နိုင်ငံခြားငွေသုံးစွဲမှု အမေရိကန်ဒေါ်လာ ခြောက်သန်းခန့်

စာမျက်နှာ ၂၆ ကော်လံ ၁ ❑

